ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 5 November 2024 ၁၁၆၃၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် နိုဝင်ဘာ ၆ ရက်မှ ၇ ရက် အထိ ကျင်းပပြုလုပ်မည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion Economic Cooperation Program (GMS)Summit၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ ထိပ်သီးအစည်းအဝေး 10th Ayeyawady–Chao Phraya–Mekong Economic Cooperation Strategy (ACMECS)Summit နှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး 11th Cambodia–Lao PDR–Myanmar–Vietnam (CLMV) Summit တို့သို့ ပါဝင်တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ရှေးဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာကရှိခဲ့သော ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

**ယနေ့ ဖတ်စရာ**

မဟာမဲခေါင်ဒေသခွဲ(GMS)၏ ဗျူဟာများနှင့် အမိမြန်မာနိုင်ငံ
ဆောင်းပါး စာမျက်နှာ » ၆

ရဟတ်ယာဉ်နှစ်စင်းနဲ့ အမြင့်ပေ ၆၀၀၀ ကနေ ရှစ်ယောက်တွဲခုန်မှာဖြစ်ပါတယ်။ အမြင့်ပေ ၆၀၀၀ ကနေ လေထီးအလွတ်ခုန်မယ်၊ သတ်မှတ်အမြင့်ပေ ၄၅၀၀ မှာ လေထီးဖွင့်ပြီးတော့ အပေါ်မှာ အနိမ့်အမြင့်စီပြီး ဆင်းသက်မှာဖြစ်ပါတယ်
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

ကြေးမုံ

# လူကုန်ကူးမှုတိုက်ဖျက်ရေး အမျိုးသားရေး တာဝန်ဖြင့် ဝိုင်းဝန်းဆောင်ရွက်

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မန္တလေး)သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် တပ်ဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းက ပြည်ပထွက်ခွာမှုများအား ပူးပေါင်းစစ်ဆေးစဉ် ထိုင်းနိုင်ငံလေဆိပ်သို့ ထွက်ခွာမည့် တရုတ်နိုင်ငံသားတစ်ဦးနှင့် အမျိုးသမီးငယ် သုံးဦးကို မသင်္ကာဖွယ်တွေ့ရှိ၍ ခေါ်ယူစစ်ဆေးခဲ့ရာ အဆိုပါအမျိုးသမီးငယ်သုံးဦးမှာ လူမှုကွန်ရက်ကို အသုံးပြုဆက်သွယ်၍ တရုတ်နိုင်ငံသို့ တရုတ်မယားပြုလုပ်ရန် စည်းရုံးခေါ်ဆောင်ခံရသူများဖြစ်ကြောင်းနှင့် ၎င်းတို့ကဲ့သို့ စည်းရုံးခံထားရသူ အမျိုးသမီး ၁၁ ဦးကို မန္တလေးမြို့တွင် စုစည်းထိန်းချုပ်ထားကြောင်းသိရပြီး ဂိုဏ်းဖွဲ့ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

လူကုန်ကူးဂိုဏ်းများသည် လူမှုကွန်ရက်ပလက်ဖောင်းများကို အသုံးပြု၍ မသိနားမလည်သူများ၊ အသိပညာဗဟုသုတနည်းပါးသူများ၊ အထူးသဖြင့် ငွေကြေးအခက်အခဲရှိသော မိန်းကလေးများကို ပစ်မှတ်ထားစုဆောင်းလေ့ရှိသည်။ ပြည်တွင်းမှ အလုပ်အကိုင်အခွင့်အလမ်းရရှိလိုသူများ၊ မက်မောလောက်သည့်လစာ သို့မဟုတ် ငွေကြေးများရရှိလိုသူများအား မက်လုံးပေး စည်းရုံးလိမ်လည်ခေါ်ဆောင်ပြီး သားကောင်အဖြစ် ထောင်ဖမ်းလေ့ရှိသည်။ ထိုသို့သောအခြေအနေများကို သက်ဆိုင်ရာအဖွဲ့အစည်းများက အကြိမ်ကြိမ်အသိပေးနှိုးဆော်ခြင်း၊ သတိပေးခြင်းများ ပြုလုပ်လျက်ရှိသော်လည်း မိမိတို့၏လိုအင်ဆန္ဒများကို ရှေ့တန်းတင်လိုမှုကြောင့် သားကောင်ဘဝသို့ ကျရောက်သွားသော လူကုန်ကူးခံရသူများကို မကြာခဏ တွေ့မြင်ကြားသိနေရသည်။

လူကုန်ကူးမှုပြဿနာသည် မဖွံ့ဖြိုးသေးသောနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဖြစ်များသော်လည်း အမေရိကန်နိုင်ငံကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင်လည်း ဖြစ်ပွားလျက်ရှိသည်ကို ကြားသိနေရသည်။ ကမ္ဘာပေါ်ရှိ ဒုစရိုက်လုပ်ငန်းများအနက် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုနှင့် လက်နက်မှောင်ခိုမှုလုပ်ငန်းများပြီးလျှင် လူကုန်ကူးမှုသည် တတိယမြောက် ဝင်ငွေအကောင်းဆုံး ဒုစရိုက်လုပ်ငန်းဖြစ်သည်ဟု ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများက သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် အဖြစ်အများဆုံးဖြစ်သည့် အွန်လိုင်းလိမ်လည်မှုများတွင် ငွေကြေးဆိုင်ရာနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လိမ်လည်ခြင်းနှင့် ငွေကြေးရလိုမှုကြောင့်ဖြစ်ပေါ်လာသည့် လူကုန်ကူးခံရမှုများသည် အများဆုံးဖြစ်နေသည်ကိုတွေ့ရသည်။ အဆိုပါလိမ်လည်မှုများတွင် ပြည်တွင်းရှိ နိုင်ငံသားများသာမက ပြည်ပနိုင်ငံသားများပါ ပါဝင်ပတ်သက်လာသည်ကို တွေ့ရသည်။ ထို့ကြောင့် လူကုန်ကူးမှု၊ အွန်လိုင်းလောင်းကစားမှုနှင့် လိမ်လည်မှုများကို ပြည်တွင်း၌သာမက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပါ လက်တွဲပူးပေါင်း တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။

ယခုဖော်ထုတ်ဖမ်းဆီးရမိသော လူကုန်ကူးမှုဖြစ်စဉ်တွင် မြန်မာအမျိုးသမီးငယ်များမှာ ၎င်းတို့၏ဘဝရပ်တည်နိုင်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ငွေကြေးရရှိရေးအတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ချိတ်ဆက်ရှာဖွေရာမှ တရုတ်မယားပြုလုပ်ရန် စည်းရုံးသိမ်းသွင်းခံရသူများဖြစ်သည်။ တရုတ်မယားအဖြစ် လူကုန်ကူးခံရသည့်ဖြစ်စဉ်များ ယခင်ကလည်းဖြစ်ပေါ်ခဲ့သည်။ ထိုစဉ်က လူကုန်ကူးသည့်လမ်းကြောင်းသည် ပြည်တွင်းမှ မိန်းကလေးငယ်များကို ချိတ်ဆက်ကာ နယ်စပ်ဒေသမှတစ်ဆင့် စည်းရုံးခေါ်ဆောင်ခဲ့ရာမှ ယခုအခါ ပြည်တွင်းရှိ မြို့ကြီးတွင် လာရောက်အခြေချပြီး စည်းရုံးခံရသူ အမျိုးသမီးငယ်များအတွက် နိုင်ငံကူးလက်မှတ်နှင့် လက်ထပ်ဗီဇာပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပြီး လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးနေကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသည် လူကုန်ကူးမှုတိုက်ဖျက်ရေး စတုတ္ထငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)ကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည်။ လူကုန်ကူးခံရသည့် အဓိကအကြောင်းရင်းများတွင် သတင်းမှားများဖြင့် လိမ်လည်လှည့်ဖြားခံရခြင်းသည် အဓိကတူညီနေသောအချက်ဖြစ်သည်။ ယခင်က လူအချင်းချင်းတွေ့ဆုံပြီး လိမ်လည်လှည့်ဖြားကာ သားကောင်အဖြစ် သိမ်းသွင်းသည့်အခြေအနေမှ ယခု လူမှုကွန်ရက်စာမျက်နှာများကို အသုံးပြု၍ လူကုန်ကူးဂိုဏ်းများဖွဲ့ပြီး သားကောင်ဖြစ်သည့် မိန်းကလေးငယ်များကို ရှာဖွေနေသည့်အခြေအနေများရှိလာရာ ငွေကြေးအခွင့်အရေးကို မြော်တွေးသည့် မိန်းကလေးငယ်များအနေဖြင့် အထူးသတိပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အန္တရာယ်ကြီးမားလာသည့် လူကုန်ကူးမှုပြဿနာများ လျော့နည်းပပျောက်စေရန်အတွက် နိုင်ငံတော်အစိုးရက အမျိုးသားရေးတာဝန်ဖြင့် တားဆီးနှိမ်နင်းလျက်ရှိရာ ပြည်သူများအနေဖြင့် ငွေကြေးရလိုမှု ဆန္ဒတစ်ခုတည်းဖြင့် လူကုန်ကူးသားကောင်ဘဝသို့ မရောက်ရှိစေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ စဉ်ဆက်မပြတ် အသိပေး၊ သတိပေးနှိုးဆော်ချက်များကို အလေးထားမှတ်သားလိုက်နာပြီး လူကုန်ကူးမှုနှင့်ပတ်သက်သည့် အသိပညာများတိုးပွားအောင် ပူးပေါင်းကူညီဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးမှု လျော့ပါးကင်းဝေးအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ၁၁ မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၃/၂၀၂၄ (မန္တလေး) နှင့် တရားမအထူးအယူခံမှုအမှတ် ၅၂/၂၀၂၄ (ရန်ကုန်)၊ ၅၅/၂၀၂၄ (ရှမ်း)၊ ၅၆/၂၀၂၄ (မန္တလေး)၊ ၆၂/၂၀၂၄ (ပဲခူး)၊ ၆၄/၂၀၂၄ (ရန်ကုန်)၊ ၆၅/၂၀၂၄ (မွန်)၊ ၅၃/၂၀၂၄(ရန်ကုန်)၊ ၅၇/၂၀၂၄(တနင်္သာရီ)၊ ၆၆/၂၀၂၄(တနင်္သာရီ)၊ ၆၇/၂၀၂၄(တနင်္သာရီ)၊ ၆၉/၂၀၂၄ (မကွေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ၁၁ မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၉/၂၀၂၄(ရန်ကုန်)၊ ၄၁/၂၀၂၄ (ဧရာဝတီ)၊ ၄၅/၂၀၂၄(ရန်ကုန်)၊ ၄၆/၂၀၂၄(ရန်ကုန်)၊ ၇၁/၂၀၂၄ (ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသောလုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား”အစီအစဉ်မှ **“အေးချမ်းစွာ ပညာသင်ကြားနေတဲ့ စာသင်ကျောင်းကိုပါ အကြောင်းမဲ့ ပစ်ချတိုက်ခိုက်လာကြတဲ့ အကြမ်းဖက် သောင်းကျန်းသူများ”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အရိပ်လည်းနေ အခက်လည်းချိုးကြသော PDF အကြမ်းဖက်များမှ အုန်နွဲ့ပေါင်းရွာက ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်သွား”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၈၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၁၅၀ | ၁,၂၆၀,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၆,၁၂၇ | ၂၀,၂၁၄,၄၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၂၃ | ၁၉၃,၂၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၂၀၀ | ၃၈၀,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၂၀၂ | ၃၄၃,၄၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၃၀၀ | ၃,၂၅၀ | ၈၂၈ | ၂,၆၆၆,၄၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃–၉–၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ **နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင် အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာကဏ္ဍများတွင် အတူပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ အရည်အသွေးပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာသို့ ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့်ဆေးဝါးများစသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရအဆီအနှစ်များကိုစုစည်းပြီး အမျိုးသားအမွေအနှစ်ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဤညီလာခံကြီးမှ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြရမည်**

❂ ရှေ့ဖုံးမှ

အစည်းအဝေးသို့ (၂၃)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ကော်မတီဝင်များ၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးညှိနှိုင်း**

ဦးစွာ ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ယနေ့ညှိနှိုင်းအစည်းအဝေးသည် ၂၀၂၄ ခုနှစ် (၂၃)ကြိမ်မြောက် ကျင်းပမည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို နိုင်ငံတော်အဆင့်အနေဖြင့် ၂၀၀၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ရာ (၂၂)ကြိမ်မြောက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ယခု (၂၃)ကြိမ်မြောက်ကိုလည်း အဆင်ပြေချောမွေ့အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ဦးစီးကော်မတီအနေဖြင့် စီစဉ်ဆောင်ရွက်ရန် ရှိသည်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းကြရန် ဖြစ်ကြောင်း။

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အထက်ပါရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အားလုံးဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရှေးဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာက ရှိခဲ့သော ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့ တိုင်းရင်းဆေးပညာရပ်ကို အမျိုးသား ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်း စောင့်ရှောက်သွားနိုင်ရေးကို ယခုညီလာခံနှင့် နှီးနှောဖလှယ်ပွဲများမှ ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ညီလာခံတွင် အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများ ဆောင်ရွက်မည်ဖြစ်သကဲ့သို့ နှီးနှောဖလှယ်ပွဲတွင် ဖတ်ကြားမည့် စာတမ်းများသည် ရှေးဘိုးစဉ်ဘောင်ဆက် တိုင်းရင်းသားများ၏ ရိုးရာဆေးဝါးများ၊ ကုထုံးများ လက်တွေ့ တိုင်းရင်းသားများအသုံးပြုနေသည့် ဆေးဝါးများနှင့် ကုထုံးများ အဓိက ပါဝင်ရန်လိုအပ်သည့်အပြင် နိုင်ငံတကာသုံး ရိုးရာတိုင်းရင်းဆေးဝါးများနှင့်လည်း နှိုင်းယှဉ်၍ အားသာချက်၊ အားနည်းချက်များကို ပြုစုကြရန်လိုကြောင်း၊ ထို့ပြင် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် အထူးမှာကြားလိုကြောင်း။

ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဆောင်ရွက်ချက်မှတ်တမ်းများကို ယခင်နှစ်များနည်းတူ စနစ်တကျပြုစုပြီး မျိုးဆက်သစ်နောင်လာနောက်သားများ အတွက် လက်ဆင့်ကမ်းအသုံးပြုနိုင်ရန် မှတ်တမ်းတင်ထားရှိရန် မှာကြားလိုကြောင်း၊ ထိုသို့ မှတ်တမ်းတင်ရာတွင် မှတ်တမ်းထားရှိထိန်းသိမ်းမှု၌ မှတ်တမ်းများ မပျက်မစီးဘဲ သားစဉ်မြေးဆက် အသုံးချနိုင်ရေး မူရင်းစာတမ်းများကို စနစ်တကျထိန်းသိမ်းရန် လိုအပ်သကဲ့သို့ (I.T) ခေတ်ဖြစ်၍လည်း မူရင်းစာတမ်းမှ အချက်အလက်များကို စုစည်း၍ Database တစ်ခု တည်ဆောက်ပြီး ဝန်ကြီးဌာန၏ Website များ၊ Sever များတွင် ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ထို့ပြင် စာတမ်းပါဆေးဝါးများနှင့် ပတ်သက်၍ အများပြည်သူများ အလွယ်တကူ သောက်သုံးနိုင်ရေးကိုလည်း တီထွင်ကြံဆထုတ်လုပ်ရမည် ဖြစ်သကဲ့သို့ ထုတ်လုပ်ပြီး တိုင်းရင်းဆေးဝါးများကိုလည်း မူပိုင်ခွင့်အရ မှတ်ပုံတင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေတို့က ရရှိနိုင်သည့် သဘာဝအရင်းအမြစ်များဖြင့် တိုင်းရင်းဆေးဝါးများတွင် ထည့်သွင်း အသုံးပြုပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးသကဲ့သို့ ကပ်ရောဂါဘေးနှင့် သဘာဝဘေး အန္တရာယ်များဖြစ်သည့် လေဘေး၊ ရေဘေးစသည့် အန္တရာယ်များ ကြုံတွေ့သည့်အခါတွင်လည်း ပြည်သူလူထုကို တစ်ဖက်တစ်လမ်းက မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အားသွန်ခွန်စိုက် စွမ်းစွမ်းတမံ စောင့်ရှောက်ပေးကြသည်ကို တွေ့ရကြောင်း။

ထို့ပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင် အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်တိုင်းရင်းဆေးပညာကဏ္ဍများတွင် အတူပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ အရည်အသွေးပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာသို့ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများစသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရ အဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဤညီလာခံကြီးမှ ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးကြရမည်ဖြစ်ကြောင်း။

အခြားနိုင်ငံများ၏ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို မြန်မာနိုင်ငံမှ တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူလုပ်ငန်းရှင်များ သွားရောက်ပြီး တက်ရောက်ခဲ့ကြသကဲ့သို့ ယခုညီလာခံနှင့် နှီးနှောဖလှယ်ပွဲသို့လည်း အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများမှ ဘာသာရပ်ဆိုင်ရာပညာရှင်များ ဖိတ်ကြား၍ ပါဝင်ဆွေးနွေးစေလိုကြောင်း။

ထို့ကြောင့် (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကြီးကို နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးအနေဖြင့် မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍများတွင် လစ်ဟာမှုမရှိအောင် အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရခြင်းနှင့် နှီးနှောဖလှယ်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက နှီးနှောဖလှယ်ပွဲကြီး အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ယခုနှစ်ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်သွားမည့် အသေးစိတ် အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုနေရာချထားရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးစီးကော်မတီနာယက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်စည်များဘက်စုံပို့ဆောင်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက တက်ရောက်အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**



ထို့နောက် ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဘက်စုံပို့ဆောင်ရေးဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိပို့ဆောင်ရေးဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အကောက်ခွန်ဦးစီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့မှ ဌာနအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုအသင်းချုပ် (MTLF)နှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) တို့မှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ကို ဘက်စုံပို့ဆောင်ရေးဥပဒေ၊ ပုဒ်မ ၆ အရ ဘက်စုံပို့ဆောင်ရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် မြန်မာနိုင်ငံမှ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းများ၊ ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုလုပ်ငန်းများ တိုးတက်လာစေရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဘက်စုံပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်၏ ကုန်သွယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရှိလာပြီး ထိုမှတစ်ဆင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများက အားထားရသည့် အုပ်ချုပ်ရေးဌာနကြီးတစ်ခုအဖြစ် အခိုင်အမာ ဆက်လက်ရပ်တည်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် မှာကြားလိုပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်၊ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို "မူဝါဒ"အဖြစ်ခံယူပြီး ကျရာအခန်းကဏ္ဍကနေ အကောင်အထည်ဖော်ဆောင်ရွက်ကြရာ၌ တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံ့အကျိုးကို အစဉ်သယ်ပိုးနိုင်ပြီး အရည်အသွေးပြည့်ဝသည့် အုပ်ချုပ်ရေးဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဖြစ်စဉ်မှတ်တမ်း Video Clip ကိုပြသပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၀၀)တွင် စံပြဆုရရှိခဲ့သည့် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ထက်ထက်ဝင့်အောင်နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အရာထမ်း အခြေခံသင်တန်း အမှတ်စဉ် (၆၆) တွင် စစ်ရေးပြထူးချွန်ဆု ရရှိခဲ့သည့် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နော်နော်ဟန်တို့ကို ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်၍ ဝန်ထမ်းများအား တူညီဝတ်စုံများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များကို နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၁၁)သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးဖွင့်လှစ်သည့် စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး၊ သင်တန်းမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် အခြေခံသတင်းရေးသားနည်းများကို တက္ကသိုလ်မြတ်သူ၊ ဒေါက်တာထွန်းတင့်၊ လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ သူရဇော်၊ ကြူကြူသင်း၊ မစန္ဒာ၊ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မမိုးမြေ၊ မနှင်းဖွေး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မြတ်စိုး(လှိုင်)၊ ပုသိမ်အောင်သန်းဦး၊ အောင်ကြည်ညွန့်(တက္ကသိုလ်)နှင့် ဆွေဇင်ညွန့်တို့က သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၄ ရက်မှ ၂၈ ရက်အထိဖြစ်ကာ သင်တန်းသား သင်တန်းသူ ၆၁ ဦးတက်ရောက်ကြကြောင်း သိရသည်။ **သီဟ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၉၉၅၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၄-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၇-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၅၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်(One Map Myanmar) Geo Database ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်(One Map Myanmar)Geo Database ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြေတိုင်းဦးစီးဌာနရုံး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအမှူးများ၊ တပ်မတော်သတင်းအချက်အလက်နှင့် နည်းပညာသုတေသနဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်အား မြေအသုံးချမှုနှင့် ဆက်စပ်သည့် ဌာန/လုပ်ငန်းများ၏ မြေပြင်ဆိုင်ရာ သတင်းအချက်အလက် ကိန်းဂဏန်းများ ကောက်ယူစုစည်း၍ ပွင့်လင်းမြင်သာသော မြေအသုံးချစီမံအုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက်များ ဆောင်ရွက်နိုင်ရန်၊ တိကျသော သတင်းအချက်အလက်များ စနစ်တကျ သိမ်းဆည်းခြင်းနှင့် မြေပုံထုတ်လုပ်ခြင်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများက မြေပြင်သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် စုစည်း၍ Geo Database တည်ဆောက်ရာတွင် “စံ” ပုံစံကိုက်ညီမှုရှိစေရန် ယခုသင်တန်းကို ပို့ချရခြင်းဖြစ်ကြောင်း၊ One Map Myanmar Geoportal Platform ကို ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဌာနများမှ ထပ်မံပေးပို့သည့် နောက်ဆုံးရ အချက်အလက်များကိုလည်း ဆက်လက်ထည့်သွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်နိမိတ်တိုင်းတာရေးကိရိယာများ ပြသထားသည့် ပြခန်းနှင့် သင်တန်းသားများအား Geo Database ထည့်သွင်းခြင်း လက်တွေ့သင်ကြားပို့ချမည့် ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ်(GIS) အခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သင်တန်းတွင် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဦးစီးဌာန/လုပ်ငန်း/အဖွဲ့ ၅၁ ဌာနမှ သင်တန်းသား ၈၆ ဦးကို အမျိုးသားမြေပုံစနစ်တွင် အသုံးပြုမည့် GIS နည်းပညာနှင့် ပတ်သက်သည့် အချက်အလက်များ ပြင်ဆင်ဖြည့်စွက်ခြင်း၊ မှန်/မမှန် စစ်ဆေးခြင်း၊ “စံ” ပုံစံများ၊ Webpage၊ Dashboard နှင့် User Interface တည်ဆောက်ခြင်းများကို သင်တန်းကာလ ရက်သတ္တ နှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့် ဧည့်ဝန်ဆောင်မှုနယ်ပယ် ဝန်ဆောင်မှုအရည်အသွေး မြှင့်တင်ရေးသင်တန်းများ ဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၏ အထောက်အပံ့ဖြင့် ဝန်ဆောင်မှုအရည်အသွေး မြှင့်တင်ရေး သင်တန်းများ ဖွင့်ပွဲ အခမ်းအနားနှင့် တရုတ်ခရီးသွားဈေးကွက် မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဌာနမှ သံမှူးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (China Foundation for Rural Development –CFRD) မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ခရိုင်အဆင့် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ (DMO) များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခု သင်တန်းများ တက်ရောက်ခြင်းဖြင့် ဝန်ကြီးဌာနမှ အသိအမှတ်ပြုလက်မှတ်များနှင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA) က ထုတ်ပေးသော ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များကို လျှောက်ထားရယူနိုင်ရန် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသူများ ပါဝင်တက်ရောက်နိုင်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို စိစစ်ရွေးချယ်၍ တက်ရောက်စေမည်ဖြစ်ပါကြောင်း၊ မြန်မာ–တရုတ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက မိတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံသား ခရီးသွား ပိုမိုလာရောက်စေရေး ဈေးကွက် မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းလေးမျိုးကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ဒစ်ဂျစ်တယ်နည်းပညာ စွမ်းရည်မြှင့်တင်ရေး သင်တန်း၊ ဧည့်လမ်းညွှန်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် ခရီးသွားဝန်ဆောင်မှုနှင့် ခရီးစဉ်စီစဉ်ရောင်းချခြင်းဆိုင်ရာ သင်တန်းများကို နိုဝင်ဘာ ၇ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ညောင်ဦးမြို့တွင် အိပ်ခန်းဆောင် ထိန်းသိမ်းရေးအလုပ်အကိုင် စစ်ဆေးအကဲဖြတ်နေမှု ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၄

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် မင်းနန်သူရွာရှိ Aureum Palace Hotel Assessment Center ၌ အိပ်ခန်းဆောင်ထိန်းသိမ်းရေးအလုပ်အကိုင်(Room Attendant) Level–1 ဖြေဆိုသူ ၁၈ ဦး စစ်ဆေးအကဲဖြတ်နေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက ၂၀၁၄ ခုနှစ်မှ ယခုအချိန်ထိ ဟိုတယ်စားပွဲထိုး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးနှင့် ဧည့်ကြိုအလုပ်အကိုင်သုံးမျိုးတွင် သတ်မှတ်အရည်အချင်း ပြည့်မီသူ ၁၄၈၅ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ် သတ်မှတ်၍ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်နွှယ်နေပြီး ဟိုတယ်လုပ်ငန်းကဏ္ဍရှိ အလုပ်အကိုင်များ အဓိကပါဝင်လျက်ရှိသဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားဧည့်သည်များ လည်ပတ်မှုများပြားသည့် ဒေသဖြစ်၍ အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန်လိုကြောင်း၊ ဝန်ဆောင်မှုပေးနိုင်မည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် Assessment Center က အသိအမှတ်ပြုထားသည့် အလုပ်အကိုင် လေးမျိုးအတွက် စီမံချက်ဖြင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရေး ဆောင်ရွက်ပြီး အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်နိုင်ရေး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ် ပါဝင်ဆောင်ရွက်ပေးရန်နှင့် အလုပ်ရှာဖွေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး အထောက်အပံ့ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်သုံး မော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Box (Nammi 01) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏

# မဟာမဲခေါင်ဒေသခွဲ(GMS) ၏ ဗျူဟာများနှင့် အမိမြန်မာနိုင်ငံ

ကျော်တေဇ (ဥက္ကလာ)

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာမှာ နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနဲ့ ကာကွယ်ရေးမောင်းနှင်အားဆိုပြီး မောင်းနှင်အားသုံးမျိုးရှိပါတယ်။ နိုင်ငံရေးတည်ငြိမ်မှုရှိမယ်၊ စည်းလုံးညီညွတ်မှုရှိမယ်ဆိုရင် နိုင်ငံရေးအားကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အားကောင်းမွန်ပါကလည်း ကာကွယ်ရေးအင်အား ကောင်းမွန်မှာဖြစ်ပါတယ်။ ဒီအင်အားနှစ်ခုကောင်းမွန်နေဖို့အတွက် အခြေခံကတော့ စီးပွားရေးအင်အားပဲဖြစ်ပါတယ်။ စီးပွားရေးမောင်းနှင်အားဟာ တိုင်းပြည်အတွက် အဓိကကျပါတယ်။

မိမိတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေကို အောင်မြင်အောင်ထုတ်လုပ်နိုင်တဲ့ အခြေခံကောင်းတွေကို ပိုင်ဆိုင်ထားရှိတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် နိုင်ငံတကာမှာ စားရေရိက္ခာ လုံခြုံရေး (Food Security) ကို များစွာအထောက်အကူပြုနိုင်တဲ့နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ ဒီအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့စားသောက်ကုန်တွေ၊ လူသုံးကုန်တွေကို ဒေသထွက်ကုန်ကြမ်းတွေအသုံးပြုပြီး အရည်အသွေးမြင့်ထုတ်လုပ်ကာ ဒေသတွင်းစီးပွားရေးဖြစ်တဲ့ ပြည်တွင်းထွက်ကုန်ကနေ ပြည်ပပို့ကုန်ထိ မျှော်မှန်းဆောင်ရွက်နိုင်ကြမယ်ဆိုရင် နိုင်ငံ့စီးပွားရေးတိုးတက်မှု ရေချိန်တစ်ခုကို အားလုံးလှမ်းမျှော်မြင်တွေ့ကြမှာလည်း ဖြစ်ပါတယ်။ ဒီကတစ်ဆင့် ပြည်ပပို့ကုန်ဆိုတဲ့ အပိုင်းမှာလည်း မိမိတို့နိုင်ငံရဲ့ ဘိုးဘွားအမွေ ပထဝီမြေဟာ ဘယ်လိုနေရာမျိုးပိုင်ဆိုင်ထားပါသလဲ၊ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့စီးပွားရေးကို ပြည်ပအထိ ဘယ်လိုထိုးဖောက်ဆောင်ရွက်သွားမလဲဆိုတာ နိုင်ငံသားတိုင်း သိသင့်တဲ့အချက်တစ်ချက်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနေရာမှာ စာရေးသူဟာ မြန်မာနိုင်ငံပါဝင်တဲ့ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းအစီအစဉ်တွေနဲ့ မြန်မာနိုင်ငံရဲ့ မဟာဗျူဟာရည်မှန်းချက်အချို့ကို စာဖတ်သူများထံ သတင်းစကားပါးသွားမှာပဲဖြစ်ပါတယ်။

**မဟာမဲခေါင်ဒေသခွဲ( Greater Mekong Subregion–GMS ) ဆိုသည်မှာ**

စာရေးသူဆိုခဲ့တဲ့ မဟာဗျူဟာရည်မှန်းချက်တွေကို မပြောခင်မှာ မဟာမဲခေါင်ဒေသခွဲရဲ့ သမိုင်းအကျဉ်းကို စာဖတ်သူတို့နဲ့ မိတ်ဆက်ပေးချင်ပါသေးတယ်။ မဟာမဲခေါင်ဒေသခွဲ( Greater Mekong Subregion–GMS ) ဟာ အင်ဒိုချိုင်းနားကျွန်းဆွယ်မှာ တည်ရှိပါတယ်။ အာရှဒေသမှာရှိတဲ့ မဲခေါင်မြစ်ရဲ့ နိုင်ငံဖြတ်ကျော်ဒေသတစ်ခုလို့ ဆိုရပါမယ်။ အာရှဖွံ့ဖြိုးရေးဘဏ်( Asian Development Bank–ADB) ဟာ ၁၉၉၂ ခုနှစ်မှာ အာရှဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တစ်ခုကို စတင်ရေးဆွဲခဲ့တယ်။ ဒီအစီအစဉ်မှာ အာရှဒေသတွင်း ခြောက်နိုင်ငံဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နဲ့ တရုတ်နိုင်ငံတို့ပါဝင်ခဲ့ကြတယ်။ မဟာမဲခေါင်ဒေသခွဲ(GMS) ဆိုတာ မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာတစ်လျှောက်ဖြစ်ပြီး မြေဧရိယာအကျယ်အဝန်း ၂ ဒသမ ၆သန်းစတုရန်းကီလိုမီတာနဲ့ လူဦးရေ ပေါင်း ၃၂၆ သန်းကျော် မီတင်းနေထိုင်တဲ့ ဒေသခွဲကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မဟာမဲခေါင်ဒေသခွဲဟာ အရှေ့အာရှ၊ တောင်အာရှနဲ့ အရှေ့တောင်အာရှဒေသတွေရဲ့ Land Bridge (ကုန်းမြေပေါင်းကူး) တစ်ခုအဖြစ် မဟာဗျူဟာကျကျ အရေးပါနေတယ်ဆိုတာကို စာဖတ်သူတွေဆီ မျှဝေပေးလိုပါတယ်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၉ ရက်က Video Conference စနစ်ဖြင့်ကျင်းပသည့် သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (7th Greater Mekong Subregion Summit)သို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။**

မဟာမဲခေါင်ဒေသခွဲ (GMS) အတွင်းမှာရှိတဲ့ နိုင်ငံတွေဟာ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် မဲခေါင်မြစ်ကော်မရှင်(Mekong River Commission –MRC)၊ မဟာမဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (GMS –Programme) နဲ့ အာဆီယံ–မဲခေါင်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ( ASEAN – Mekong Basin Development Cooperation –AMBDC) စတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တွေကိုပါ ချမှတ်ဆောင်ရွက်နေတာကို တွေ့ရပြန်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်ကြတဲ့နေရာမှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ငွေကြေးဆိုင်ရာထောက်ပံ့ကူညီမှုတွေကို ရယူဆောင်ရွက်ကြသလို အဓိက ထောက်ပံ့ပေးတဲ့အဖွဲ့အစည်းကတော့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ပဲဖြစ်ပါတယ်။

မဟာမဲခေါင်ဒေသခွဲ(GMS)ရဲ့ ပူးပေါင်းဆောင်ရွက်မှု အဓိကရည်ရွယ်ချက်ကတော့ **ပိုမိုပေါင်းစည်း၍ ပြည့်စုံကြွယ်ဝပြီး လိုက်လျောညီထွေမှုရှိသည့် မဲခေါင်ဒေသခွဲဖြစ်လာစေရေး၊ ချိတ်ဆက်မှု (Connectivity) ပိုမိုကောင်းမွန်လာစေရေး၊ ယှဉ်ပြိုင်နိုင်စွမ်း( Competitiveness) မြင့်မားလာစေရေးနှင့်အသိုက်အဝန်း (Community) စိတ်ဓာတ်ကို မြှင့်တင်ရေးတွေ**ပဲဖြစ်ပါတယ်။

**မဟာမဲခေါင်ဒေသခွဲ၏ မဟာဗျူဟာဦးတည်ချက်**

လူ့အဖွဲ့အစည်းမှာပဲဖြစ်ဖြစ်၊ ဒေသတွင်းနိုင်ငံတွေကြားမှာပဲဖြစ်ဖြစ်၊ ကမ္ဘာကြီးအတွင်းမှာပဲဖြစ်ဖြစ် ပေါ်ပေါက်လာတဲ့အဖွဲ့အစည်းဟာ မည်ရွေ့မည်မျှ ခိုင်မာကျစ်လျစ်လဲဆိုတာကို အားလုံးသိချင်ကြမှာပါပဲ။ သူတို့ဘာတွေလုပ်ကြမှာလဲ၊ ဒေသတွင်းကတစ်ဆင့် ပါဝင်တဲ့နိုင်ငံတွေထိ အမျိုးသားအကျိုးစီးပွားမည်ရွေ့မည်မျှ ခိုင်မာကောင်းမွန်သွားကြမှာလဲ၊ ပြည်သူတွေ ဘယ်လောက်မျှော်လင့်ချက်ရေချိန်ထားနိုင်ကြမှာလဲစတဲ့ အချက်တွေဟာ ပေါ်ပေါက်လာတဲ့ ဒီအဖွဲ့အစည်းကြီးကို အကဲခတ်မေးမြန်းနေကြမယ့် မေးခွန်းများလည်းဖြစ်ပါတယ်။ ဥပမာလက်ရှိကမ္ဘာကြီးက စိတ်ဝင်တစား စောင့်ကြည့်နေကြတဲ့ BRICS အဖွဲ့အစည်းကြီးကို စိတ်ဝင်တစား စောင့်ကြည့်နေကြသလိုမျိုးလို့ ဆိုရမှာပေါ့။

GMS လို့ခေါ်တဲ့ မဟာမဲခေါင်ဒေသခွဲအဖွဲ့အစည်းရဲ့ အစီအစဉ်ကဏ္ဍတွေကို လေ့လာကြည့်ကြမယ်ဆိုရင်–

(၁) သယ်ယူပို့ဆောင်ရေးကဏ္ဍ (Transport)
(၂) စွမ်းအင်ကဏ္ဍ (Energy)
(၃) ဆက်သွယ်ရေးကဏ္ဍ(ICT)
(၄) လယ်ယာစိုက်ပျိုးရေးကဏ္ဍ (Agriclture)
(၅) သဘာဝပတ်ဝန်းကျင်ကဏ္ဍ (Environment)
(၆) ခရီးသွားလုပ်ငန်းကဏ္ဍ (Tourism)
(၇) ကျန်းမာရေးကဏ္ဍ (Health)
(၈) ကုန်သွယ်ရေးနှင့်သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကဏ္ဍ (Transport and Trade Facilitation)
(၉) မြို့ပြဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ (Urban – Development)
(၁၀) အခြားကဏ္ဍပေါင်းစုံနှင့် နယ်စပ်ဖြတ်ကျော်စီးပွားရေးဇုန်များ ( Other Multisector) စတဲ့

ကဏ္ဍအသွယ်သွယ်ရဲ့ လုပ်ငန်းတွေကို အောင်မြင်အောင်ပူးပေါင်းဆောင်ရွက်ကြဖို့မဟာဗျူဟာ ဦးတည်ချက်တွေချမှတ်ထားတာကို လေ့လာတွေ့ရှိရတယ်။

**မဟာမဲခေါင်ဒေသခွဲ(GMS) ၏ ဖွဲ့စည်းဆောင်ရွက်မှုများ**

GMS ဒေသတွင်းနိုင်ငံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေရဲ့ တိုးတက်မှုအခြေအနေအရပ်ရပ်ကိုတော့ GMSထိပ်သီးအစည်းအဝေး၊ GMS စီးပွားရေးစင်္ကြံများဖိုရမ်၊ GMS ဝန်ကြီးအဆင့်အစည်းအဝေး၊ GMS အဆင့်မြင့်အရာရှိများအစည်းအဝေးနဲ့ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့တွေဆောင်ရွက်ပြီး ဆောင်ရွက်တာကို တွေ့ရတယ်။ GMS ရဲ့ (၈) ကြိမ်မြောက်ထိပ်သီးအစည်းအဝေးကိုတော့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှာ ကျင်းပသွားမှာလည်းဖြစ်ပါတယ်။ မဟာမဲခေါင်ဒေသခွဲရဲ့ ကဏ္ဍအလိုက်လုပ်ငန်း(၇)ရပ် လွယ်ကူစွာ ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းအဖွဲ့တွေ၊ ကော်မတီတွေနဲ့ ဖိုရမ်တွေကိုဖွဲ့စည်းပြီး ဆွေးနွေးညှိနှိုင်းမှုတွေ ဆောင်ရွက်နေတာကိုတွေ့ရတယ်။ ဒီကဏ္ဍတွေကတော့ –

(၁) စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့
(၂) ဒေသတွင်း စွမ်းအင်ကုန်သွယ်မှု ညှိနှိုင်းရေးကော်မတီ
(၃) ဒေသခွဲပို့ဆောင်ရေးဖိုရမ်
(၄) ခရီးသွားလုပ်ငန်းအဖွဲ့
(၅) မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့
(၆) ကျန်းမာရေး ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့
(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ စတဲ့ကဏ္ဍတွေအလိုက် လုပ်ငန်းအဖွဲ့အလိုက်၊

ကော်မတီအလိုက် ဆွေးနွေးညှိနှိုင်းကြတာပဲဖြစ်တယ်။ ဒီနေရာမှာ မြန်မာနိုင်ငံရဲ့ GMS ဝန်ကြီးအဖြစ်မည်သူကတာဝန်ယူပြီး နိုင်ငံအနေနဲ့ မည်သည့်လုပ်ငန်းတွေမှာ ပါဝင်နေကြတာလဲ၊ ကိုယ့်နိုင်ငံရဲ့ပထဝီမြေအနေအထားကရော မဟာမဲခေါင်ဒေသခွဲစီမံကိန်းမှာ ဘယ်လောက်အရေးပါလဲဆိုတဲ့ အချက်ဟာ ကျွဲကူးရေပါအသိမျိုးမဟုတ်ဘဲ တိတိပပသိရမယ့်အချက်ဖြစ်လာတာကို တွေ့ရပြန်ပါတယ်။

**စာမျက်နှာ ၇ သို့** ❑

> **❛ မဟာမဲခေါင်ဒေသခွဲ(GMS)အတွင်းမှာရှိတဲ့ နိုင်ငံတွေဟာ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် မဲခေါင်မြစ်ကော်မရှင်(Mekong River Commission -MRC)၊ မဟာမဲခေါင်ဒေသခွဲစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (GMS -Programme) နဲ့ အာဆီယံ-မဲခေါင် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ( ASEAN - Mekong Basin Development Cooperation -AMBDC) စတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွေကိုပါ ချမှတ်ဆောင်ရွက်နေတာကို တွေ့ရပြန်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ကြတဲ့နေရာမှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ငွေကြေးဆိုင်ရာထောက်ပံ့ကူညီမှုတွေကို ရယူဆောင်ရွက်ကြသလို အဓိက ထောက်ပံ့ပေးတဲ့အဖွဲ့အစည်းကတော့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ပဲဖြစ် ❜**

❑ စာမျက်နှာ ၆ မှ

## မဟာမဲခေါင်ဒေသခွဲ (GMS) တွင် မြန်မာနိုင်ငံမှ ဆောင်ရွက်မှုများ

မြန်မာနိုင်ငံရဲ့ GMS ဝန်ကြီးအဖြစ်တာဝန်ယူဆောင်ရွက်နေတာကတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပဲဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံညှိနှိုင်းရေးမှူးရုံး ၊ နိုင်ငံဆိုင်ရာအတွင်းရေးမှူးရုံးတွေအဖြစ် တာဝန်ယူဆောင်ရွက်ပါတယ်။ ဒီနေရာမှာGMS အစီအစဉ် ကဏ္ဍတွေရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာပါဝင်တဲ့ GMS စီးပွားရေးစင်္ကြံလမ်းကြောင်းသုံးခုကို ကနဦးသိဖို့ လိုအပ်ပါတယ်။ ဒီစင်္ကြံသုံးခုကတော့ မြန်မာနိုင်ငံနဲ့ GMS အဖွဲ့ဝင်နိုင်ငံများကြား တောင်-မြောက်စီးပွားရေးစင်္ကြံမှာ ရန်ကုန် – ကူမင်း၊ အရှေ့-အနောက်စီးပွားရေးစင်္ကြံမှာ [ဒါနန်း (ဗီယက်နမ်)-မော်လမြိုင်(မြန်မာ)-သီလဝါ (တိုးချဲ့)]နဲ့ တောင်ပိုင်းစီးပွားရေးစင်္ကြံမှာ (ဗန်ကောက် – ကန်ချနာဘူရီ – ထားဝယ် တိုးချဲ့ အပိုင်းဆိုတဲ့ စင်္ကြံသုံးခုနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသတစ်လျှောက်ရဲ့ စာဖတ်သူတွေအနေနဲ့ မိမိဒေသတွေရဲ့ နိုင်ငံအတွက်အရေးပါမှုနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝစတဲ့ အနာဂတ်ပုံရိပ်တွေကို လှမ်းမျှော်ရှုမြင်နိုင်မှာပဲဖြစ်ပါတယ်။

GMS အဖွဲ့ဝင် မြန်မာနိုင်ငံအနေနဲ့ တိုးတက်ပြောင်းလဲလာမယ့် လူဦးရေ၊ လူမှုစီးပွား၊ ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ အချက်အလက်တွေကို ကြိုတင်တွက်ဆထားပြီးဖြစ်တယ်။ တွက်ဆထားချက်တွေအရ နိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးပြည့်ဝစေဖို့ GMS ၏ ကျန်းမာရေးမဟာဗျူဟာနှင့်ချိတ်ဆက်ပြီး ဒေသန္တရအစိုးရတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှုတွေရှိနေကြောင်း လေ့လာတွေ့ရှိရတယ်။ နိုင်ငံတော်ရဲ့စီးပွားရေး ရည်မှန်းချက်ဖြစ်တဲ့ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်တွေကို ခေတ်မီနည်းစနစ်တွေသုံးပြီး အလေးထားဆောင်ရွက်လျက်ရှိတယ်။

ပြည်တွင်း ပို့ကုန်မှသည် ပြည်ပပို့ကုန်အထိ တိုးမြှင့်နိုင်ဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ဦးတည်ချက်ချမှတ်ဆောင်ရွက်နေတာကို စာဖတ်သူတို့ သိမြင်ပြီးသားပဲဖြစ်ပါတယ်။ GMS အဖွဲ့ဝင်နိုင်ငံတွေနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေအပြင် အဖွဲ့ဝင်နိုင်ငံတွေနဲ့ ချုပ်ဆိုခဲ့တဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များအပါအဝင် အခြားသောနိုင်ငံတကာ ကတိကဝတ်များကိုလည်း တက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

### မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဦးတည်ချက်

စီးပွားရေးကဏ္ဍတိုးတက်မှုတွေကို နိုင်ငံများမှာ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍစတဲ့ ကဏ္ဍတစ်ခုခုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုကြည့်ပြီး နိုင်ငံတော်ရဲ့ GDP ကို တွက်ချက်ကြပါတယ်။ ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားတဲ့ စီးပွားရေးဦးတည်ချက်များတွင် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍကို အဓိက အခြေခံထားတာကိုလည်း တွေ့ရမှာပဲဖြစ်ပါတယ်။ ဒီလို အခြေခံထားရခြင်း အကြောင်းကလည်း မိမိနိုင်ငံရဲ့ ပထဝီပိုင်ဆိုင်မှုကိုက စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံစေတဲ့ သမိုင်းမြေခံဖြစ်နေလို့ပဲဆိုတာကို အားလုံးသိမြင်နားလည်ကြရပါမယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေက ရရှိလာတဲ့ ထွက်ကုန်တွေကို ကုန်ထုတ်စွမ်းအားစုတွေအဖြစ် ပြောင်းလဲပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပပို့ကုန်မြှင့်တင်ရေးအထိ တိုးချဲ့မျှော်မှန်းဆောင်ရွက်ကြရပါမယ်။ မိမိနိုင်ငံရဲ့ ပြည်တွင်းထုတ်လုပ်မှုအတွက် အသေချာဆုံးလုပ်ငန်းဟာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေက ကုန်ထုတ်လုပ်ခြင်းပဲဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေကနေ ကုန်ထုတ်လုပ်ခြင်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအလိုက်မဖြစ်မနေ တိုးမြှင့်ဆောင်ရွက်သွားဖို့ တိုက်တွန်းပြောကြားနေခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ သူ့လူ့စွမ်းအားအရင်းအမြစ်၊ သူ့ Product တွေနဲ့သူ နိုင်ငံ့စီးပွားရေးကို ခိုင်မာအောင်တည်ဆောက်နေကြပါတယ်။ ကိုယ့်နိုင်ငံအနေနဲ့လည်း ကိုယ့်လူ့စွမ်းအား အရင်းအမြစ်၊ ကိုယ့် Product ကို ကိုယ်တိုင်တည်ဆောက်ပြီး ကမ္ဘာကိုပြသနိုင်ရပါမယ်။ ကိုယ့်နိုင်ငံ့စီးပွားရေးကို အရှိန်အဟုန်မြှင့် တိုးတက်ပြီး ပုံမှန်လည်ပတ်နိုင်အောင် ကြိုးစားကြရပါမယ်။ ဟုတ်ပါပြီ ၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းရဲ့ ရှုထောင့်ကနေကြည့်ရင်လည်း ကိုယ့်နိုင်ငံရဲ့ ပိုင်ဆိုင်ထားတဲ့ ရေခံ မြေခံကောင်းဟာ မဟာမဲခေါင်ဒေသခွဲ (GMS)ရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာ မည်ရွေ့မည်မျှ အရေးပါနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

> ❝GMS ဒေသတွင်းနိုင်ငံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေရဲ့ တိုးတက်မှုအခြေအနေ အရပ်ရပ်ကိုတော့ GMS ထိပ်သီးအစည်းအဝေး၊ GMS စီးပွားရေးစင်္ကြံများဖိုရမ်၊ GMS ဝန်ကြီးအဆင့် အစည်းအဝေး၊ GMS အဆင့်မြင့်အရာရှိများ အစည်းအဝေးနဲ့ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့တွေဆောင်ရွက်ပြီး ဆောင်ရွက်တာကို တွေ့ရတယ်။ GMS ရဲ့ (၈) ကြိမ်မြောက်ထိပ်သီးအစည်းအဝေးကိုတော့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှာ ကျင်းပသွားမှာလည်းဖြစ်ပါတယ်။ မဟာမဲခေါင်ဒေသခွဲရဲ့ ကဏ္ဍအလိုက်လုပ်ငန်း(၇) ရပ်လွှယ်ကူစွာ ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းအဖွဲ့တွေ၊ ကော်မတီတွေနဲ့ ဖိုရမ်တွေကို ဖွဲ့စည်းပြီး ဆွေးနွေးညှိနှိုင်းမှုတွေ ဆောင်ရွက်နေ❞

နောက်တစ်ခု စာရေးသူစိတ်ဝင်စားတာကတော့ သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ ကုန်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍပါပဲ။ အဲဒါနဲ့ ဆက်စပ်တဲ့ မဟာဗျူဟာကတော့ စင်္ကြံသုံးခုပါပဲ။ ဒီအပိုင်းမှာလည်း ကိုယ့်နိုင်ငံရဲ့ ပြည်ထောင်စုလမ်းမကြီးတွေရဲ့ အရေးပါနေပုံကို လယ်ပြင်မှာ ဆင်သွားသလို အထင်းသားမြင်နေရပြန်ပါတယ်။ ဒ့ါအပြင် ပြည်တွင်းရေလမ်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေကလည်း တွဲဖက်အရေးပါလာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်ဆိုင်တဲ့ သယ်ယူပို့ဆောင်ရေးလမ်းမကြီးတွေဟာ အမိမြန်မာနိုင်ငံမှသည် မဟာမဲခေါင်ဒေသခွဲထိဆိုတဲ့ ခရီးပန်းတိုင်တစ်ခုထိ ဦးတည်နေတယ်ဆိုတာကိုအမိမြေရဲ့သမိုင်းရေခံ မြေခံတွေကသက်သေညွှန်းဆိုနေပါတယ်။ ဒီလမ်းကြောင်းတွေကတစ်ဆင့်မြင်လာရမယ့် အခြားသောဖွံ့ဖြိုးတိုးတက်မှုပုံရိပ်တွေဟာ ကန့်လန့်ကာနောက်ကွယ်က ပြကွက်၊ ပြရုပ်များပမာ စိတ်ဝင်စားစရာကောင်းလွန်းပါတယ်။

> ❝နောက်တစ်ခု စာရေးသူစိတ်ဝင်စားတာကတော့ သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ ကုန်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍပါပဲ။ အဲဒါနဲ့ ဆက်စပ်တဲ့ မဟာဗျူဟာကတော့ စင်္ကြံသုံးခုပါပဲ။ ဒီအပိုင်းမှာလည်း ကိုယ့်နိုင်ငံရဲ့ ပြည်ထောင်စုလမ်းမကြီးတွေရဲ့ အရေးပါနေပုံကို လယ်ပြင်မှာ ဆင်သွားသလို အထင်းသားမြင်နေရပြန်ပါတယ်။ ဒ့ါအပြင် ပြည်တွင်းရေလမ်းသယ်ယူပို့ဆောင်ရေး လမ်းကြောင်းတွေကလည်း တွဲဖက်အရေးပါလာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်ဆိုင်တဲ့ သယ်ယူပို့ဆောင်ရေးလမ်းမကြီးတွေဟာ အမိမြန်မာနိုင်ငံမှသည် မဟာမဲခေါင်ဒေသခွဲထိဆိုတဲ့ ခရီးပန်းတိုင်တစ်ခုထိ ဦးတည်နေတယ်ဆိုတာကို အမိမြေရဲ့သမိုင်းရေခံ မြေခံတွေက သက်သေညွှန်းဆိုနေ❞




မဟာမဲခေါင်ဒေသခွဲ (GMS) အဖွဲ့ဝင်နိုင်ငံများပြမြေပုံ။

အဓိက သယ်ယူပို့ဆောင်ရေးလမ်းများဆီက နယ်စပ်ကုန်သွယ်ရေးဇုန်တွေရဲ့ အရေးပါမှုကိုလည်း အထင်းသားမြင်ရပြန်ပါတယ်။ ဒီလမ်းမကြီးတွေမှာ မည်သို့သော အခက်အခဲအတားအဆီးများ ရှိနေစေကာမူ GMS အဖွဲ့ဝင်နိုင်ငံတစ်ခု၊ အဖွဲ့ဝင်နိုင်ငံတွေရဲ့ အသိုင်းအဝိုင်းနဲ့ဆိုရင် တစ်စတစ်စပျောက်ကွယ်သွားမယ့် ဒီအခက်အခဲအတားအဆီးတွေရဲ့ အနာဂတ်မေးမှိန်သွားနိုင်မှုကိုလည်း မှန်းဆမြင်တွေ့နိုင်မှာပဲဖြစ်တယ်။ ဒါဆိုရင် အစိုးရတစ်ရပ်ခိုင်မာစေရေးဟာ အဓိကအရေးပါနေပြီး ခိုင်မာတဲ့အစိုးရတစ်ရပ်ပိုင်ဆိုင်နိုင်ရေးဟာ တိုင်းရင်းသားပြည်သူတွေရဲ့ မှန်ကန်တဲ့အတွေးအခေါ်၊ အယူအဆ ရွေးချယ်မှုတွေဟာ အဓိကကျကြောင်း ညွှန်းဆိုနေပြန်ပါတယ်။ နိုင်ငံတော်ရဲ့တာဝန်ကိုထမ်းဆောင်တဲ့ ဘယ်အစိုးရမဆို နိုင်ငံကောင်းအောင် ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ နိုင်ငံတော်အစိုးရတစ်ရပ်ဟာ အမျိုးသားအကျိုးစီးပွားအတွက် မဆုတ်မနစ်သောဇွဲနဲ့ ကြိုးပမ်းဆောင်ရွက်နေချိန်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဟာ မှန်ကန်တဲ့အမြင်နဲ့ ရှုမြင်တတ်ဖို့လိုပြီး ကျစ်လျစ်တဲ့စုပေါင်းအားနဲ့ ဝန်းရံထောက်ခံဖို့ အရေးကြီးပါတယ်။ ဒါဟာ ပြည်သူတစ်ရပ်လုံးအတွက် တာဝန်ထက်ပိုတဲ့ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုတရားတစ်ခုသာဖြစ်ကြောင်း အသိပေးနှိုးဆော်လိုပါတယ်။

မဟာမဲခေါင်ဒေသခွဲ(GMS)ရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအားတက်သရော ကြိုးပမ်းဆောင်ရွက်နေတာကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ သမိုင်းကပေးတဲ့ ပထဝီဆိုတဲ့ ရေ၊ မြေ အခြေခံကောင်းတွေကြောင့် အမိမြန်မာနိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုဆီဆိုတဲ့ ရည်မှန်းချက်ကို မဆုတ်မနစ်လျှောက်လှမ်းခွင့်ရခဲ့တာပဲဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ့လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမှုစတဲ့ တိုးတက်မှုအခြေခံကောင်းတွေကို မြင်တွေ့နိုင်စေဖို့ မဟာမဲခေါင်ဒေသခွဲ ဗျူဟာတွေနဲ့ အမိမြန်မာနိုင်ငံဟူသော ဆောင်းပါးလေးဖြင့် စာလွှာပါးလိုက်ရပါတော့တယ်။ ။

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန အားကစားနည်းခြောက်မျိုး ပါဝင်ယှဉ်ပြိုင်မည်



နေပြည်တော် နိုဝင်ဘာ ၄

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်တွင် ပြန်ကြားရေးဝန်ကြီး ဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြ မည့် အားကစားနည်းများအလိုက် အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပ သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ဦးစွာ ပါဝင်နွှဲပျော် ဂုဏ်ယူဖွယ် ရာ အမျိုးသားအားကစားပွဲတော် နှင့် ယှဉ်ပြိုင်နွှဲပျော် အမျိုးသား အားကစားပွဲတော်ဗီဒီယိုမှတ်တမ်း တို့ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက အမှာစကားပြောကြား ရာတွင် ယခုနှစ်ကျင်းပမည့် ပဉ္စမ အကြိမ် အမျိုးသားအားကစား ပွဲတော်တွင် အားကစားသမားများ စွာ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အားကစားနည်း ခြောက်မျိုးတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အခမ်းအနားဖွင့်ပွဲ၊ ပိတ်ပွဲအခမ်း အနားများကို နိုင်ငံတော်အဆင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပမည် ဖြစ်သကဲ့သို့ အားကစားသမားများ ၏ အားကစားစိတ်ဓာတ်အပြည့် ဖြင့်ပါဝင်ယှဉ်ပြိုင်မှုကလည်း အနှစ် သာရရှိပြီး အရေးကြီးကြောင်း၊ အမျိုးသား အားကစားပွဲတော် သည် ကျန်းမာရေး၊ နိုင်ငံရေး၊ နိုင်ငံ့ အရေးစသဖြင့် ဆက်စပ်နေ ကြောင်း၊ တစ်မျိုးသားလုံးကျန်းမာ ကြံ့ခိုင်စေရန်၊ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှု ရှိစေရန်နှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ရန်စသည့် ရည်ရွယ်ချက်များဖြင့်လည်း ကျင်းပ ခြင်းဖြစ်ကြောင်း။

အားကစားသမားများအနေဖြင့် ကိုယ်စွမ်းကိုယ်စရှိရှိ၊ ဂုဏ်သိက္ခာ ရှိရှိ၊ ညီညီညွတ်ညွတ်၊ စိတ်ဓာတ် ကောင်းကောင်းဖြင့် ရေဆုံးမြေဆုံး အထိ ပါဝင်ယှဉ်ပြိုင်သွားကြရန် မှာကြားလိုကြောင်း၊ စိတ်ဓာတ် ကောင်းကောင်း၊ ထက်မြက်ကြံ့ခိုင် သွက်လက်စွာ အနိုင်မခံအရှုံးမပေး စိတ်ဓာတ်တို့ဖြင့် အနိုင်/အရှုံးထက် စည်းကမ်းတကျ ပါဝင်ယှဉ်ပြိုင် ကြစေလိုကြောင်း၊ တစ်ဦးနှင့် တစ်ဦး နားလည်မှု၊ သည်းခံမှု တို့ဖြင့် အားကစားအရည်အသွေး ကို ပြသရန်၊ စံချိန်များ အမြင့်ဆုံး နှင့် အကောင်းဆုံးဖြစ်စေရန် ကြိုးစားကြစေလိုကြောင်း၊ တစ်ဦး ကောင်း၊ တစ်ယောက်ကောင်း ထက် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် မိမိတို့ဝန်ကြီးဌာန၊ မိမိတို့နိုင်ငံ ဂုဏ်သိက္ခာကို မြှင့်တင်သည့် အနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြ စေလိုကြောင်း ဆွေးနွေးပြောကြား သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်း ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲ များက အားကစားနည်းများ အလိုက် ခင်းကျင်းပြသထားသည့် အားကစားဝတ်စုံများ၊ လေ့ကျင့် ရေးသုံးပစ္စည်းများ၊ တစ်ပတ်စာ အစားအစာများ၊ ဆေးပစ္စည်းများ နှင့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်း ပြသထားမှုကို ကြည့်ရှုစစ်ဆေး ကာ ပြိုင်ပွဲဝင်အားကစားသမား များအား လိုအပ်သည်များမှာကြား ပြီး အားပေးစကားပြောကြားသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြန်ကြားရေး ဝန်ကြီးဌာနက ဂေါက်သီးရိုက်(အလွတ်တန်း)၊ ပိုက်ကျော်ခြင်း(ကျား)၊ ဘောလုံး (ကျား)၊ ပြေးခုန်ပစ်(ကျား၊ မ)၊ ဘော်လီဘော(ကျား)နှင့် ဖူဆယ် (ဘောလုံး)(ကျား)တို့တွင် အုပ်ချုပ် သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစား သမားများ စုစုပေါင်း ၁၁၄ ဦး ပါဝင် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံတို့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနား ကျင်းပမည့်နေရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တို့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံနှင့်အတူ ယနေ့ညနေပိုင်း တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားများ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းသို့ သွားရောက်ကြည့်ရှု၍ လိုအပ် သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးများသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ ဖွင့်ပွဲ/ပိတ်ပွဲကျင်းပမည့် နေရာ၊ LED တပ်ဆင်မည့်နေရာနှင့် မီးများတပ်ဆင် အသုံးပြုမည့်နေရာများကို လည်းကောင်း၊ ဖျော်ဖြေ ရေးအဖွဲ့များနှင့် အားကစားသမားများ ဝင်/ထွက် သွားလာမည့်နေရာများကို လည်းကောင်း၊ ဖျော်ဖြေ တင်ဆက်မည့် သီချင်းများအလိုက် ဆက်တင်ပစ္စည်း များ ထည့်သွင်းအသုံးပြုမည့် အစီအစဉ်များကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် အချိန်မီပြီးစီး ရေးတို့အတွက် အသေးစိတ်ဆွေးနွေးညှိနှိုင်းကြပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်မည့် အလွတ်ခုန်လေထီး လေ့ကျင့်နေမှုများကို ကြည့်ရှု အားပေးကာ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားများ အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးကြရန် တာဝန် ရှိသူများအား ဆွေးနွေးမှာကြားသည်။ **သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီးမှ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၆/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်း က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဇော်လွင် က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ စုဖွဲ့လေ့ကျင့်နေမှု အခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာ ကြသည့် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းအုပ်ကြီးနှင့် အားကစားနည်းများအလိုက် တာဝန်ခံများ၊ အသင်းနည်းပြများနှင့် အုပ်ချုပ်သူများ က မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် အားကစား နည်းများအလိုက် စခန်းသွင်း စုဖွဲ့လေ့ကျင့်နေမှုများ နှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေ အနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြိုင်ပွဲအားကစားနည်းများအလိုက် အမြင့်ဆုံးအောင်မြင်မှုများရရှိအောင် မဆုတ်မနစ် ကြိုးစားယှဉ်ပြိုင်မှသာ မိမိတို့တိုင်းဒေသကြီးအတွက် အောင်မြင်မှုအသီးအပွင့်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အသင်းအုပ်ချုပ်/နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစား သမားများအနေဖြင့် အားကစားသမားကောင်း စိတ်ဓာတ်ပြည့်ဝစွာဖြင့် စည်းကမ်းကောင်းမွန်ပြီး ယုံကြည်ချက်၊ ခံယူချက် ကောင်းမွန်စွာ မိမိတို့ယှဉ်ပြိုင် မည့် အားကစားနည်းများအလိုက် ကြိုးစားယှဉ်ပြိုင် သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရဟတ်ယာဉ်နှစ်စင်းနဲ့ အမြင့်ပေ ၆၀၀၀ ကနေ ရှစ်ယောက်တွဲခုန်မှာဖြစ်ပါတယ်။ အမြင့်ပေ ၆၀၀၀ ကနေ လေထီးအလွတ်ခုန်မယ်၊ သတ်မှတ်အမြင့်ပေ ၄၅၀၀ မှာ လေထီးဖွင့်ပြီးတော့ အပေါ်မှာ အနိမ့်အမြင့်စီပြီး ဆင်းသက်မှာဖြစ်ပါတယ်

**ဗိုလ်ကြီး အောင်ကျော်ဟန်**

ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီးစစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံ သယ်ဆောင်၍ ကွင်းအတွင်းဆင်းသက်မည့် အစီအစဉ်အတွက် ကြိုတင်လေ့ကျင့်လျက်ရှိရာ လေထီးသူရဲကောင်းများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။


ဒုတိယဗိုလ်မှူးကြီး ဥက္ကာဆန်း


ဗိုလ်မှူး အောင်ထွန်းမင်း


ဗိုလ်ကြီး အောင်ကျော်ဟန်


ဒုတပ်ကြပ် အာကာဇော်


တပ်ကြပ် ကျော်မျိုးဝေ

**ဒုတိယဗိုလ်မှူးကြီး ဥက္ကာဆန်း ကျောင်းအုပ်ကြီး၊ ပူးပေါင်းစစ်ဆင်ရေးနှင့် လေထီးသင်တန်းကျောင်း**

ကျွန်တော်တို့ လေထီးစစ်သည်တွေအားလုံး အထက်ကပေးအပ်လိုက်တဲ့တာဝန်ကို အောင်အောင်မြင်မြင်ဖြစ်ဖို့အတွက် အလုံးစုံတာဝန်ယူထားပါတယ်။ လေ့ကျင့်မှုအနေနဲ့ နေပြည်တော်မရောက်ခင် မှော်ဘီမှာ (၄၅)ကြိမ် Y-12လေယာဉ်နဲ့ လေ့ကျင့်ပြီး အခု ကျွန်တော်တို့ နေပြည်တော်မှာ လေ့ကျင့်တာ (၃၁)ကြိမ် ရှိပါပြီ။ အခုလို ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ တပ်မတော်ရဲ့ စွမ်းရည်ကို ပြသရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။

**ဗိုလ်မှူး အောင်ထွန်းမင်း ပူးပေါင်းစစ်ဆင်ရေးနှင့် လေထီးသင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး**

ကျွန်တော်ကတော့ ဇေယျာသီရိအားကစားကွင်း ကွင်းသစ်ဖွင့်ပွဲ၊ အာဆီယံ တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲ၊ နိုင်ငံတကာတပ်မတော်များ အားကစားပြိုင်ပွဲ ၂၀၂၃ နဲ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွေမှာ အလွတ်ခုန်လေထီးဆင်းပြီး ပါဝင်သရုပ်ပြခဲ့ပါတယ်။ အခုကတော့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ပြီးတော့ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အောင်မြင်စွာ သရုပ်ပြဆင်းသက်နိုင်ဖို့အတွက် လေ့ကျင့်တဲ့အခါမှာ ရဟတ်ယာဉ်အဖွဲ့တွေ၊ မြေပြင်က ကွင်းတာဝန်ခံအဖွဲ့တွေ၊ လေထီးခုန်တဲ့ jumper အဖွဲ့တွေ၊ လေထီး ထုပ်ပိုးတဲ့အဖွဲ့တွေ အများကြီး ပူးပေါင်းပြီး အကုန်လုံးစုစည်းပြီးတော့ ကိုယ့်အပိုင်းလိုက် အောင်မြင်အောင် လုပ်ဆောင်လျက်ရှိပါတယ်။

**ဗိုလ်ကြီး အောင်ကျော်ဟန် (သက်စောင့်ဌာနမှူး)**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ပြီးတော့ လေထီးခုန်ခွင့်ရရှိခဲ့ပါတယ်။ အခုလို လုပ်နိုင်တဲ့အရွယ်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ရဟတ်ယာဉ်နှစ်စင်းနဲ့ အမြင့်ပေ ၆၀၀၀ ကနေ ရှစ်ယောက်တွဲ ခုန်မှာဖြစ်ပါတယ်။ အမြင့်ပေ ၆၀၀၀ ကနေ လေထီးအလွတ်ခုန်မယ်၊ သတ်မှတ်အမြင့်ပေ ၄၅၀၀ မှာ လေထီးဖွင့်ပြီးတော့ အပေါ်မှာ အနိမ့်အမြင့်စီပြီး ဆင်းသက်မှာ ဖြစ်ပါတယ်။ ဆင်းသက်တဲ့အခါမှာ ပွဲတော်အလံနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလံကို သယ်ဆောင်ပြီးတော့ သရုပ်ပြဆင်းသက်သွားမှာဖြစ်ပါတယ်။

**ဒုတပ်ကြပ် အာကာဇော်**

ကျွန်တော် လေထီးခုန်တာ (၃၇၁)ကြိမ်ရှိပြီ။ အခြားသူတွေ အခုလို ပွဲတော်တွေမှာ ခုန်နေတာကို အားကျခဲ့ရပါတယ်။ အခုလက်ရှိ ကိုယ်ကိုယ်တိုင်ခုန်ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားမှာ လေထီးခုန်အဖွဲ့မှာလည်း ပါဝင်ခဲ့ပါတယ်။ အခု ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးမှာ လေထီးစစ်သည်တွေရဲ့ စွမ်းရည်တွေကိုလည်း ပြည်သူတွေအားလုံးကြည့်ရှုအားပေးကြပါလို့ ပြောချင်ပါတယ်။

**တပ်ကြပ် ကျော်မျိုးဝေ**

ကျွန်တော်က ၂၀၁၃ ခုနှစ် ဇေယျာသီရိအားကစား ကွင်းသစ်ဖွင့်ပွဲ၊ ၂၀၁၅ အာဆီယံ သေနတ်ပစ်ပြိုင်ပွဲနဲ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားမှာ အလွတ်ခုန်လေထီးအဖွဲ့မှာ ပါဝင်သရုပ်ပြခဲ့ပါတယ်။ အခုလို ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်မှာလည်း ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ လေထီးသင်တန်းကျောင်းမှာ သင်တန်းနည်းပြတွေနဲ့ အဆင့်ဆင့်လေ့ကျင့်ပြီး အခုကတော့ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှာ လာရောက်လေ့ကျင့်နေတာ ဖြစ်ပါတယ်။

**သတင်း-အောင်ဂျိုင်း**
**ဓာတ်ပုံ-ကေအေတီ**







ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီးစစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံ သယ်ဆောင်၍ ကွင်းအတွင်းဆင်းသက်မည့် အစီအစဉ်အတွက် ကြိုတင်လေ့ကျင့်နေမှုများကိုတွေ့ရစဉ်။

---

**❍ ကမ္ဘောဇလားမှ**

မြန်မာနိုင်ငံလှေလှော်အားကစားအဖွဲ့ချုပ်မှ အမှုဆောင်များ၊ မိဘဆွေမျိုးများနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မြန်မာလှေလှော်အားကစားအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲနှင့် ဖိလစ်ပိုင်နိုင်ငံ Puerto Princesa မြို့တွင်ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလားနဂါးလှေလှော်ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲနှစ်ခုပေါင်းတွင် နိုင်ငံအလိုက်အဆင့် တတိယရရှိခဲ့ပြီး လာမည့် ၂၀၂၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း




ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကို “ကျွန်းကျွန်းပိုင်သ” (ကြိုး) သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




ဒုံမင်း အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးဟန်ထူးအောင် (ခ) စိန်ပက်စီ “မန်းတောင်လက်ယာ” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်အိအိမွန် “သည်ဆောင်းပေဟမန်” (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ဘိုဘို (၁) “မြမန်းဂီရိ” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မချစ်ပြည့်ခိုင် (ခ) ကောင်းကင်ဗိုလ် “မင်္ဂလာသီရိ” (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မသူသူဝင်း “စံရာတောင်ကျွန်း”(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆု ရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်နိုင်ဇော်လင်း “လူမနေ့ာ” (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ပိုင် "ရွှေမင်းဂံ" (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုး "စံရာတောင်ကျွန်း" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မနှင်းနှင်းအေး "ဝေဘာဂီရိ"(ကြိုး) သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆု ပူးတွဲရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်မြင့်မြတ် "ရီရီဆိုင်းဆိုင်း" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မခိုင်သန္တာစိုး"ဖန်ထွေလာ"(မွန်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မအေးငြိမ်းဇော် "လာချေပြီ" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

## မွန်ပြည်နယ်ဝန်ကြီးချုပ် ရာမညရက်ကန်းစင်တော်အမည်ဖြင့် သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား ဩဝါဒခံယူပွဲ တက်ရောက်



မော်လမြိုင် နိုဝင်ဘာ ၄

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် (နိုဝင်ဘာ ၁၃ ရက်)မှ တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၅ ရက်) အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲသို့ မွန်ပြည်နယ်မှ ရာမညရက်ကန်းစင်တော်အမည်ဖြင့် သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကို နေပြည်တော်ကောင်စီအပါအဝင်ပြည်နယ်/တိုင်းဒေသကြီး ၁၅ ခုတို့က ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်၍ မွန်ပြည်နယ်ကိုယ်စားပြုအသင်းအနေဖြင့် ပထမဆုံးအကြိမ်သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့်လည်း ပြိုင်ပွဲအသင်းအုပ်ချုပ်သူ၊ ကြီးကြပ်သူများ၏လမ်းညွှန်မှုများကို လိုက်နာပြီး မိမိတို့ပြည်နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အသင်းအနေဖြင့် အုပ်ချုပ်သူနှင့်တကွ အသင်းသားများ အားလုံး တက်ညီလက်ညီပူးပေါင်းကာ ပထမဆုလားရရှိပြီး ပြည်နယ်ဂုဏ်ကိုဆောင်နိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## ပဲခူးမြို့၌ Air-Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

ပဲခူး နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ပဲခူးမြို့)သင်တန်းခန်းမ၌ယမန်နေ့နံနက်ပိုင်းက Air-Compressor ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင် တက်ရောက် ဖွင့်လှစ်သည်။



ဦးစွာ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်မာသက်က သင်တန်းများဖွင့်လှစ်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်ရိုးညွှန်းတမ်းစာအုပ်များ၊ သင်ထောက်ကူ လက်သုံးကိရိယာများနှင့် လက်တွေ့ သင်ကြားပြသမည့် အထောက်အကူပြု ပစ္စည်းများအား ကြည့်ရှုခဲ့ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ပြီး ကျွမ်းကျင်နည်းပြသင်တန်းဆရာများက Air-Compressor အကြောင်း၊ ဖွဲ့စည်းတည်ဆောက်ထားပုံ၊ အခြေခံလျှပ်စစ်သဘောတရားများအကြောင်းနှင့် လက်သုံးကိရိယာများအသုံးပြုပုံအကြောင်းတို့ကို ရက်သတ္တတစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

## ဇေယျာသီရိမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်လံစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရပ်ကွက်/ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်လံစစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပေးခြင်း၊ အရေးပေါ်မီးသတ်တယ်လီဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်း၊ မီးဖိုအသုံးပြုသည့်နေအိမ်များနှင့် အခြားမီးသုံးစွဲသည့်နေအိမ်များအား မီးများစနစ်တကျသုံးစွဲရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များကို လိုက်လံစစ်ဆေး၍ ကျေးရွာအတွင်း လှည့်လည်အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)



## ပေါက်ခေါင်းမြို့နယ်၌ နေကြာစိုက်ပျိုးမည့် သမဝါယမအသင်းသားများအား နေကြာမျိုးစေ့များပေးအပ်

ပေါက်ခေါင်း နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ နေကြာစိုက်ပျိုးမည့် သမဝါယမအသင်းသားများအား ဆောင်းဆီထွက်သီးနှံ (နေကြာမျိုး) ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပသည်။



### ထောက်ပံ့ပေးအပ်

ပေါက်ခေါင်း မြို့နယ်တွင် သမဝါယမကဏ္ဍမှ နေကြာစိုက်ပျိုးရေးစီမံကိန်းကို အသင်းသုံးသင်း၊ အသင်းသား ၃၅ ဦးတို့၏ စိုက်ကဧ ၁၅၀ တွင် စိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ပြီး ဆောင်းဆီထွက်သီးနှံ နေကြာရေဆင်းစပ်မျိုး(၁) နေကြာတစ်မျိုးတည်းကိုသာ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် စိုက်ကဧ ၁၅၀ အတွက် ရေဆင်းစပ်မျိုး(၁) နေကြာမျိုးစေ့များကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများက အသင်းသားတောင်သူများထံသို့ လက်ဝယ်အရောက် ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)

## အင်္ဂပူမြို့နယ်၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်

အင်္ဂပူ နိုဝင်ဘာ ၄

ဧရာဝတီတိုင်း ဒေသကြီး အင်္ဂပူမြို့နယ် အုတ်ရှစ်ကုန်း ကျေးရွာ တက်နေဝင်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ လူမှုစီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်း (Pilot Project)ဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး (နေပြည်တော်)မှ ဦးမျိုးအောင်(ညွှန်ကြားရေးမှူး)၊ ဒေါ်ဝင်းဝင်းအေး (ညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ကွင်းဆင်း စစ်ဆေးရာတွင် အင်္ဂပူမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်က နိုင်ငံတော်က ပံ့ပိုးပေးငွေ သိန်း ၁၀၀ ဖြင့် အသင်းသားများ လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုအားပေး

ထို့နောက် ညွှန်ကြားရေးမှူး ဦးမျိုးအောင်က တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့သည်။ ယင်းနောက် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် အသင်းသားတောင်သူ ဦးမြင့်စိုး၏ မိုးစပါးတစ်ဧက စိုက်ခင်းရိတ်သိမ်းခြွေလှေ့မှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရုရှားနှင့် အင်ဒိုနီးရှား ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှု ဆောင်ရွက်

ဂျကာတာ နိုဝင်ဘာ ၄

ရုရှားနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းသည့်အနေဖြင့် နှစ်နိုင်ငံပူးတွဲ ရေတပ်စစ်ရေးလေ့ကျင့်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရသည်။

၎င်းလေ့ကျင့်မှုကို ဂျာဗားကျွန်း အရှေ့မြောက်ပိုင်းသို့ ပြုလုပ်ခြင်းဖြစ်ကာ နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

ယခု ရေကြောင်းစစ်ရေးလေ့ကျင့်မှုတွင် တိုက်ပွဲအစစ်ပုံသဏ္ဌာန် ဖော်ဆောင်လေ့ကျင့်မည်ဖြစ်ပြီး ဆိပ်ကမ်းအဆင့် တိုက်ပွဲပုံစံနှင့် ပင်လယ်ပြင်အဆင့် တိုက်ပွဲပုံစံဟူ၍ ပုံစံနှစ်မျိုးဖြင့် လေ့ကျင့်မည် ဖြစ်သည်။ အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုသည် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးကို အလေးပေးမြှင့်တင်နေကြောင်း သိရသည်။

**ကူညီရန် ပန်ကြား**

သမ္မတ ပရာဘိုဝိုသည် ကာကွယ်ရေးဝန်ကြီးအဖြစ်စတင် တာဝန်ထမ်းဆောင်ချိန်ဖြစ်သည့် ဇူလိုင်လကတည်းက မော်စကိုသို့ သွားရောက်ကာ ရုရှားသမ္မတ ဗလာဒီမာပူတင် အပါအဝင် ရုရှားကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံကာ အင်ဒိုနီးရှားနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရုရှားနိုင်ငံက နည်းပညာဖြင့်ကူညီရန် ပန်ကြားခဲ့သည်။



ကိုးကား-နစ်ကီအေးရှား
ဘာသာပြန်-စိုးသူရ

# အီရန်နိုင်ငံ၌ အစ္စရေးနှင့် အမေရိကန်အား ဆန့်ကျင်ဆန္ဒဖော်ထုတ်ပွဲ ကျင်းပ

တီဟီရန် နိုဝင်ဘာ ၄

အီရန်နိုင်ငံမြို့တော် တီဟီရန်၌ အစ္စရေးနှင့် အမေရိကန်နိုင်ငံများအား ဆန့်ကျင်ဆန္ဒဖော်ထုတ်ပွဲများကို အီရန်နိုင်ငံသားများက ကျင်းပခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။ အီရန်နိုင်ငံအပေါ် အစ္စရေး၏တိုက်ခိုက်မှုများကို လက်တုံ့ပြန်မည်ဟု အီရန်ခေါင်းဆောင် အယာတိုလာအလီခိုမေနီက သတိပေးပြောကြားခဲ့ပြီးနောက် ယခုဆန္ဒဖော်ထုတ်ပွဲများ ကျင်းပခဲ့ခြင်းဖြစ်သည်။

အမေရိကန်သံရုံးအား အီရန်ကျောင်းသားများက စီးနင်းတိုက်ခိုက်ခဲ့သည့် (၄၅) နှစ်မြောက် နှစ်ပတ်လည်အဖြစ် ယခုဆန္ဒဖော်ထုတ်ပွဲကို ကျင်းပခြင်းဖြစ်သည်။ ဆန္ဒဖော်ထုတ်သူများသည် ဟားမတ်စ် စစ်သွေးကြွအဖွဲ့၊ ခေါင်းဆောင်များ၏ ဓာတ်ပုံများနှင့် အစ္စရေးက လုပ်ကြံသဖြင့် ကျဆုံးခဲ့သည့် ဟစ်ဇ်ဘိုလာအဖွဲ့ခေါင်းဆောင်၏ ဓာတ်ပုံကို ကိုင်ဆောင်ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အစ္စရေးက အီရန်နိုင်ငံရှိ စစ်ဘက်ပစ်မှတ်များကို တိုက်ခိုက်နေခြင်းနှင့် အမေရိကန်က အစ္စရေးအား အထောက်အပံ့ပေးနေခြင်းတို့ကို ဆန္ဒဖော်ထုတ်သူများက ရှုတ်ချခဲ့ကြသည်။

အစ္စရေးသည် အမေရိကန်၏ပံ့ပိုးမှုဖြင့် အီရန်အား တိုက်ခိုက်နေခြင်းဖြစ်ကြောင်းနှင့် အီရန်ဘက်ကလည်း အစ္စရေးနှင့် အမေရိကန်အား ပြင်းပြင်းထန်ထန် တုံ့ပြန်သင့်ကြောင်း ဆန္ဒဖော်ထုတ်သူတစ်ဦးက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ



# စပိန်နိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်ဒေသများသို့ သွားရောက်စစ်ဆေးသည့် စပိန်ဘုရင် ရွှံ့ဖြင့်ပစ်ပေါက်ခံရ

မဒရစ် နိုဝင်ဘာ ၄

စပိန်နိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ဒေသများသို့ သွားရောက်စစ်ဆေးသည့် စပိန်ဘုရင် ဖိလစ်ပီနှင့် တာဝန်ရှိသူများအား ဒေသခံများက ရွှံ့များဖြင့်ပစ်ပေါက်ခဲ့ကြကြောင်း သိရသည်။

စပိန်အစိုးရသည် ယခုဖြစ်ပွားသည့် ရေကြီးရေလျှံမှုကို ကာကွယ်တားဆီးရန်အတွက် လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ခြင်းမရှိကြောင်း ဒေသခံလူငယ်တစ်ဦးက ပြောကြားသည်။ ဒေါသကြီးနေသည့်လူအုပ်ကို ငြိမ်သက်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မရသဖြင့် စပိန်ဘုရင်၏ ခရီးစဉ်ကို ခေတ္တရပ်ဆိုင်းခဲ့ရသည်။ စပိန်နိုင်ငံ မိုးလေဝသအေဂျင်စီက အောက်တိုဘာ ၂၉ ရက်မှ စတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးလေဝသဆိုင်ရာသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၂၂၀ အထိရှိလာပြီး ပျောက်ဆုံးသူ များကို ရှာဖွေလျက်ရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါယာပြည်နယ်ရှိ လီဝိုတိုဗီမီးတောင် ပေါက်ကွဲ

ဂျကာတာ နိုဝင်ဘာ ၄

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါယာပြည်နယ်ရှိ လီဝိုတိုဗီမီးတောင်သည် အောက်တိုဘာ ၃ ရက်ညပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဒေသခံ ၁၀ ဦး သေဆုံးကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီက အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

သေဆုံးသူ ၁၀ ဦးအနက် ရုပ်အလောင်း ကိုးလောင်းကို ပြန်လည်ရရှိခဲ့ပြီး သေဆုံးသူတစ်ဦးမှာ အပျက်အစီးများအောက်တွင် ပိမိနေကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ ၎င်းမီးတောင်ပေါက်ကွဲမှုကြောင့် အခင်းဖြစ်ဒေသရှိ ကျေးရွာ ခုနစ်ရွာမှ ဒေသခံ ၁၀၀၀၀ ကျော်ကို ခိုလှုံရေးစင်တာများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။ လက်ရှိအချိန်တွင် အခင်းဖြစ်နေရာမှ ခုနစ်ကီလိုမီတာအတွင်း ဘေးအန္တရာယ်ဇုန်အဖြစ်သတ်မှတ်ပြီး ဒေသခံများအား ဝင်ရောက်ခွင့်မပြုကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကာလအဖြစ် နိုဝင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ကြေညာထားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



# အိန္ဒိယနိုင်ငံ၌ လေထုညစ်ညမ်းမှုကြောင့် ယာဉ်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ဒဏ်ရိုက်

နယူးဒေလီ နိုဝင်ဘာ ၄

အိန္ဒိယနိုင်ငံ၌ လေထုအရည်အသွေးကျဆင်းလာသဖြင့် လေထုညစ်ညမ်းမှုဆိုင်ရာ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်း မရှိသည့် မော်တော်ယာဉ်များနှင့် ဆောက်လုပ်ရေးလုပ်ငန်း ထောင်ပေါင်းများစွာကို ဒဏ်ကြေးငွေများ ချမှတ်ခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ် ၆၀၀၀၀ နီးပါး နှင့် ဆောက်လုပ်ရေး လုပ်ငန်းများကို ဒဏ်ရိုက်ခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ လေထုအရည်အသွေးအဆင့်သတ်မှတ်ချက်အရ သုည မှ ၅၀ ကို ကောင်းမွန်သည့် အဆင့်ဟု သတ်မှတ်ပြီး နိုဝင်ဘာ ၄ ရက် နေ့ လေထုညစ်ညမ်းမှု အဆင့်သည် ၃၇၃ အထိ ရောက်ရှိခဲ့သဖြင့် အလွန်ညံ့ဖျင်းသည့် အဆင့်အဖြစ် ဗဟိုလေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဘုတ်အဖွဲ့က သတ်မှတ်ခဲ့သည်။

ယာဉ်အစီးရေ ၅၄၀၀၀ခန့်သည် မီးခိုးငွေ့ထုတ်လွှတ်မှုအဆင့်ကိုဖော်ပြသည့် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လက်မှတ်မရှိကြောင်း လေထုအရည်အသွေးစီမံခန့်ခွဲရေးကော်မရှင်က ပြောကြားသည်။ လုပ်ငန်းခွင် ၅၉၇ ခုကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လျော်ကြေးပေးဆောင်ရန် အမိန့်ထုတ်ပြန်ခဲ့ပြီး လုပ်ငန်းခွင် ၅၆ ခုကို ပိတ်သိမ်းစေခဲ့သည်။

ကိုးကား-သည်ဒေးလီးစတား
ဘာသာပြန်-စိုးသူရ



# သီရိလင်္ကာနိုင်ငံ၌ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံသည့်အစီအစဉ် ဆောင်ရွက်

ကိုလံဘို နိုဝင်ဘာ ၄

သီရိလင်္ကာနိုင်ငံ၌ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံသည့် အစီအစဉ်ကို နိုဝင်ဘာ ၄ ရက်မှ ၉ ရက်အထိ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ခရိုင် ၁၂ ခု၌ ကာကွယ်ဆေးထိုးနှံမည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဟာဆီသာ တီဆီရာက ပြောကြားသည်။

ယမန်နှစ်အတွင်းက နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါတိုက်ဖျက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

ယခုဆောင်ရွက်သည့် အစီအစဉ်အရ ဝက်သက်ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံခြင်းမပြုရသေးသည့် လူငယ်များကို ထိုးနှံမည်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံ၌ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံသည့် အစီအစဉ်ကို ၁၉၈၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

၂၀၂၀ နှင့် ၂၀၂၂ခုနှစ်ကြားကာလများတွင် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံမှုကျဆင်းလာခဲ့သဖြင့် သီရိလင်္ကာနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# တာချီလိတ်မြို့နယ်၌ ငွေကျပ် ၃ ဒသမ ၂၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား လေးသန်းကျော်နှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၂ ကီလို သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၄

တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၂၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား လေးသန်းကျော်နှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက် ညနေ ၅ နာရီတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ရေပူစမ်းကျေးရွာရှိ စိုင်းကျိုင်း(ခ)ရဲလမ်း၏ နေအိမ်တွင် မူးယစ်ဆေးဝါးများသိုဝှက်ထားကြောင်းသတင်းအရ ရှာဖွေရာ စိုင်းရီလွတ်နှင့် အိုက်ကောင်တို့နှစ်ဦးကို ဒေသကာလတန်ဖိုး ငွေကျပ်၃ ဒသမ ၂၃ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၀၃၆ သန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၂ ကီလို၊ အနံ့မှုန့် Vanillin ၇၅ ကီလို၊ အနံ့ဆေးရည် လီတာ ၃၆၀၊ ISUZU D-MAX ယာဉ်တစ်စီးနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိသည့် အိမ်ပိုင်ရှင် စိုင်းကျိုင်း(ခ)ရဲလမ်းနှင့် လွယ်တော်ခမ်းကျေးရွာအုပ်စု ဟွေရဲကျေးရွာနေ အန်းဂျေလိုတို့နှစ်ဦးက တာချီလိတ်နယ်စပ်တွင် အရောင်းအဝယ်ပြုလုပ်ရန် သိုဝှက်ထားသောပစ္စည်းများဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ အမှုတွင် ဆက်စပ်ပါဝင်သူများနှင့်၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၁ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၀၀၉၄၀၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၁ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၅၁၈၆၀၀)ကို လည်းကောင်း **(စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၂၁၅၂၈၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ တရားမဝင် အခြားသစ် ၄ ဒသမ ၄၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၆၂၈၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း





မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

၁၉ မျိုး **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၉၈၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၉၂၄ တန်၊ သစ်မာ ၃ ဒသမ ၂၇၈ တန် **(စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၉၈၃၇၃)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၉ ရက်၊ ၃၀ ရက်၊ နိုဝင်ဘာ ၁ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၇၃၃၃၆၅၃)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံခြားသုံးငွေ မှောင်ခိုဈေးကွက် အားကောင်းလာစေပြီး ပြည်တွင်းဈေးကွက်၌ ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ကုန်သွယ်ဖက်နိုင်ငံများမှ ကုန်သည်များ၏ လိုသလို ဈေးကစားခွင့်ကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်ပစ္စည်းတင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၁-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- **၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၄၀** လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် 'မြန်ဆုံဦးမယ် ငေါင်လန်ရှူးရယ်'
- **၀၉:၁၅** ထူးခြားစုံလင်အာရုံစိဖိတ်အစီအစဉ်
- **၀၉:၄၀** Sports Diary
- **၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၂)
- **၁၃:၃၀** MRTV National News
- **၁၅:၃၀** Weekly MNL Review
- **၁၆:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- **၁၇:၁၅** ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုး
- **၁၇:၃၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၇:၄၀** ရင်ခုန်စရာသဘာဝအလှတရားများနှင့် မြန်မာ့ဝှက်ဆောင်ငွေဆောင်ကမ်းခြေ
- **၁၈:၃၀** ပြည်ချစ်သားမွန်တေးသဝဏ်
- **၁၈:၄၀** တန်ဆောင်တိုင်တေးများ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၁၀** ပြည်ချစ်သားမွန်တေးသဝဏ်
- **၂၁:၂၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၂၁)

### mitv

- **07:01** Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
- **07:10** Xylophones' Home
- **07:32** Artist Life: Designer Nay Chi Win Lai Yee
- **07:49** World Tsunami Awareness Day (5th November)
- **08:01** News
- **08:26** Topics Potpourri; The Rise of Lab-Grown Gems in Surat
- **08:32** Dhammayangyi Temple
- **08:47** Chef Life: Tun Tun
- **09:01** A Special Moment with A Man of Versatility (Epi-1) Spiritual & YogaLife
- **09:34** Listening Pleasure, Instrumental Music (Banjo) Baranee
- **09:52** Prospective Special Economic Zones in Myanmar
- **10:01** News
- **10:27** Lifestyle & Entertainment (Weekly Updates)

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ဟိုပန်မြို့အလှ

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကျန်းမာခြင်းအတွက် ကော်လရဂျင်

**ဝကေကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ပုံကိုင်ရှင်

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
အနောက်တောင်အရပ်က ကျွန်းမြို့ဆီသို့

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
တရင်ရှိုးရာဘဲသား ဆန်ပြုတ်

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
သင်မယ်၊ ရေးမယ်တို့ 'ချွန်းစာ (အပိုင်း-၄၀)

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
သဘာဝလက်ဆောင်မွန် အင်းရဲကျွန်း

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
မုဒုံမြို့သို့အလည်တစ်ခေါက် ဘင်လှိုင်ဘုရား

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၀)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
လင်းခေးမြို့ရဲ့ကြံသကာချက်နည်း

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၇:၄၅** နိုင်ငံတကာစီးပွားရေးသတင်း
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၉:၄၅** Save Our Planet Program
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၈:၁၅** Football Highlights
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရာသက်ပန်ပေါင်းဖို့ရည်ရွယ်မှုသာ'
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
- **၁၀:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဗိဂျီသမ္မတနိုင်ငံ'
- **၁၁:၃၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၁)

### MRTV FARMERS' / HTV Channel

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၃၀** နေကြာစိုက်ပါ ပျားမွေးပါ
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၂၀** Weekly Views Update
- **၁၈:၃၅** Family Farmers - the Future of Asia and the Pacific
- **၁၉:၁၅** 200 Futuristic Agriculture Machines That are Next Level
- **၁၉:၄၅** International Music Hit
- **၂၀:၀၀** ကိုးရောင်ခြယ်အနမ်း (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
- **၀၆:၄၅** Sports Diary
- **၁၇:၀၀** အားကစားသတင်း
- **၁၈:၀၀** E Sports

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကန်ကြီးထောင့်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ကန်ကြီးထောင့် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကန်ကြီးထောင့်မြို့နယ် ဒါးက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရည်မွန်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး အထက(ဒါးက )ကျောင်းသား ကျောင်းသူများက ပန်းတိုင်းပွင့်စေ သီချင်းဖြင့်လည်းကောင်း၊ အထက(ခွဲ) အနောက်စု ကျောင်းသား ကျောင်းသူများက စည်းလုံးညီညွတ်ခြင်း သီချင်းဖြင့်လည်းကောင်း၊ အထက(ခွဲ)ဘဲဂရက် ကျောင်းသားကျောင်းသူများက အနာဂတ်အတွက်လမ်းပြကြယ် သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေခဲ့ကြပြီး ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါအခမ်းအနားကို နိုဝင်ဘာ ၄ ရက်မှ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးအတွင်း (၁၄)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တပ်ကုန်းမြို့နယ်အတွင်း ဝါဂွမ်းများ ဈေးကောင်းပေးဝယ်ယူနိုင်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်ရှိ အလည်ကျွန်းကျေးရွာ၊ မြောက်မြိုက်(အရှေ့/အနောက်)ကျေးရွာနှင့် အင်ပင်ကျေးရွာတို့တွင် သမဝါယမအသင်းသား တောင်သူများ စိုက်ပျိုးထားရှိသည့် ဝါသီးနှံများမှထွက်ရှိလာသော ဝါဂွမ်းများကို ဈေးကောင်းရရှိစေရေး၊ ဈေးကွက်အနိမ့်မခံရစေရေးနှင့် တိုက်ရိုက်ဝယ်လိုသူများ လက်ဝယ်အထိရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်အတွက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သီသီမြတ်နှင့် တာဝန်ရှိသူများက သမဝါယမကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ပေးမည့် "လှ" ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ တာဝန်ရှိသူများနှင့်အတူ ဝါသီးနှံစိုက်ပျိုးထားသည့် ကျေးရွာများသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ဝါသီးနှံစိုက်ပျိုးထားသည့် သမဝါယမအသင်းသား တောင်သူများနှင့်တွေ့ဆုံ၍ ထွက်ရှိလာသည့် ဝါဂွမ်းများကို ကုမ္ပဏီနှင့်တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်၊ ဒေသပေါက်ဈေးပေါ်မူတည်ပြီး ဈေးနှုန်းပိုပေး၍ ဈေးကောင်းရရှိစေရန် ဝယ်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သီးနှံပိုမို အထွက်တိုးလာစေရေးအတွက် မျိုး၊ သွင်းအားစုများနှင့် သဘာဝမြေဩဇာများကိုလည်း ကုမ္ပဏီများနှင့်ချိတ်ဆက်ပေးပြီး သီးနှံပေါ်ပေးစနစ်ဖြင့် လာမည့်နှစ်များတွင် စိုက်ပျိုးချိန်မတိုင်မီ ကြိုတင်ဖြန့်ဖြူး ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော အသင်းသား တောင်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် ဝါခင်းများသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်းရယ်မြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

မိုင်းရယ် နိုဝင်ဘာ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးတစ်ဧက တင်း ၁၀၀ အထွက်နှုန်းရရှိရေး ၁၀ ဧက စံကွက် ရိတ်သိမ်းခြင်းကို ယနေ့နံနက် ၉ နာရီက နားခိုမြောက်ကွင်း တောင်သူ ဦးအိုက်ကျော်ပိုင် စံပြကွက်၌ ပြုလုပ်သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး စံကွက်များကိုရိတ်သိမ်းရာ တစ်ဧကလျှင် စပါးပျမ်းမျှအထွက်နှုန်း အစို ၁၄၀ ဒသမ ၆၂ တင်း၊ အခြောက် ၁၂၆ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# သရက်မြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

သရက် နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်သည်။

**အသိပညာပေးပြောကြား**

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်းဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။



ဇော်ထက်(သရက်)

# ကော့သောင်းမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့၌ ကျေးရွာနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာအနီးတွင် နိုဝင်ဘာ ၁ ရက်က အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး မလိဝမ်းကျေးရွာမှ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာအနီး နယ်မြေ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ထားဝယ်မြို့နယ် မောင်မယ်ရှောင် ကျေးရွာအတွင်းရှိ တန်ဖိုးကြီးပစ္စည်းများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ယူဆောင်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက် မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိရာ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိဘဲ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒ ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ထီးလိုမင်းလိုဂူဘုရားမှ ပုဂံခေတ်ဗိသုကာလက်ရာများကို နိုင်ငံခြားသားခရီးသွားများ အထူးစိတ်ဝင်စား



**ရန်ကုန်  နိုဝင်ဘာ  ၄**

ပုဂံခေတ် ၁၃ ရာစုတွင် ဇေယျသိခ်မင်း (နားတောင်းများမင်း) တည်ထားခဲ့သည့် ထီးလိုမင်းလိုဂူဘုရားတွင် အတွင်းပိုင်း အနုစိတ်နံရံဆေးရေးပန်းချီလက်ရာများနှင့် အပြင်ပိုင်း ပန်းတမော့နှင့် အင်္ဂတေအနုစိတ်လက်ရာများကို ပွင့်လင်းရာသီ၌ နိုင်ငံခြားသားခရီးသွားများ အထူးစိတ်ဝင်စား လေ့လာလျက်ရှိကြကြောင်း သိရသည်။

**တည်ဆောက်ထား**

နှစ်ထပ်ဂူဘုရားဖြစ်သည့် ထီးလိုမင်းလိုဘုရားသည် ပေ ၁၅၀ မြင့်ပြီး အောက်ခြေလေးထောင့်စပ်အနားတစ်ဖက်လျှင် ပေ ၁၄၀ ရှည်လျား၍ အာရုံခံခန်းမကြီးမှာ အရှေ့ဘက်သို့ မျက်နှာမူတည်ဆောက်ထားကာ ကျန်သုံးဖက်အား အရွယ်ငယ်ပေါင်းကူးမုခ်ခုံးအာရုံခံများဖြင့် တည်ဆောက်ထားသည်။ အရပ်လေးမျက်နှာကို မျက်နှာမူထားသော ဗုဒ္ဓရုပ်ပွားတော်လေးဆူ ပူဇော်ထားပြီး ဂူနံရံတို့၌ မင်စာများ ရေးထိုးထားသည်။ ဂူဘုရား၏ အပြင်နံရံတွင် အနုစိတ်ပန်းတမော့ဗိသုကာလက်ရာများနှင့် ပုဂံခေတ်ကယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခဲ့သည့် စဉ့်စိမ်းသုတ် သဲကျောက်စဉ့်ပန်းချီလက်ရာတို့ကို ပြည်တွင်း၊ ပြည်ပ ခရီးသွားများ စိတ်ဝင်စားလျက်ရှိသည်။

"သီတင်းကျွတ်ပွဲတော်မှာ ခရီးသွားတွေ စည်ကားခဲ့တယ်ဆိုတော့ တန်ဆောင်တိုင်ပွဲတော်ကာလမှာလည်း ခရီးသွားစည်ကားမယ်လို့ သုံးသပ်ထားကြပါတယ်။ မနေ့ကလည်း နိုင်ငံခြားသားခရီးသွားတွေ လာကြပါတယ်။ အထူးသဖြင့် နိုင်ငံခြားသားခရီးသွားတွေ ပုဂံကိုရောက်ရင် ဓမ္မရံကြီး၊ သဗ္ဗညု၊ အာနန္ဒာပြီးရင် ထီးလိုမင်းလိုဘုရား အတွင်းပိုင်း၊ အပြင်ပိုင်းက ၁၃ ရာစု ပုဂံခေတ် ဗိသုကာလက်ရာတွေကို လာရောက်လေ့လာကြလေ့ရှိပါတယ်။ ပြီးတော့ အပေါ်ပစ္စယံ တည်ဆောက်မှုကိုလည်း စိတ်ဝင်စားကြတယ်။ နိုင်ငံခြားသားတွေအကြိုက် ဆည်းဆာအလှကို ယခင်က အပေါ်ပစ္စယံကနေ ကြည့်လို့ရပေမယ့် ဂူဘုရား ရေရှည်တည်တံ့ဖို့အတွက် ၂၀၀၄ ခုနှစ်ကစပြီး ပိတ်ထားခဲ့ပါတယ်။ ထီးလိုမင်းလိုဘုရားကို ပြည်တွင်း၊ ပြည်ပခရီးသွားတွေ စိတ်ဝင်စားကြတာက ဆုတောင်းပြည့်ခြင်းနဲ့ ရှေးဟောင်းဗိသုကာလက်ရာကို မြတ်နိုးခြင်းကြောင့်ပါ"ဟု ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့မှ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

အဆိုပါဂူဘုရားကို ၁၂၁၁ ခုနှစ်တွင် ခုနစ်နှစ်ကြာ တည်ထားတော်မူခဲ့၍ ပုဂံခေတ်လက်ရာဖြစ်သည့် နံရံပန်းချီ၊ အင်္ဂတေပန်းချီ လက်ရာနှင့် အဆောက်အဦဗိသုကာလက်ရာများမှာ အခြားသော အထင်ကရ ဂူ၊ ဘုရားများကဲ့သို့ ခရီးသွားများ စိတ်ဝင်တစား လေ့လာကြလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံခြားခရီးသွားများ အထူးစိတ်ဝင်စားရာ ဂူဘုရား တစ်ဆူအဖြစ် ပုဂံယဉ်ကျေးမှုနယ်မြေတွင် ထင်ရှား လျက်ရှိကြောင်း သိရသည်။ **ဥဿ**



# မြောက်ဥက္ကလာပမြို့ ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီးတွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ရန်ကုန်  နိုဝင်ဘာ  ၄**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့၌ ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီးတွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ ညနေပိုင်းက ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီး၌ ကျင်းပသည်။

ဦးစွာ ဆရာတော်သံဃာတော်အရှင်သူမြတ်များ၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ စေတီတော်ကြီး ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့သည်။ ထို့နောက် မြို့နယ်သီလရှင်အမှုဆောင်အဖွဲ့နှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများက အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး အခမ်းအနားကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးစိုးမင်းဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

ဆက်လက်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် တာဝန်ရှိသူများက ပင့်ဖိတ်ထားသော မြို့နယ်သြဝါဒါစရိယဆရာတော် အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။ **သက်လွင်စိုး (ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၂) သင်တန်းဖွင့်

**ရန်ကုန်  နိုဝင်ဘာ  ၄**

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ရတနာသိဃ်ခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။




သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၂၁၂)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၂၃ ဦး၊ သင်တန်းသူ ၂၃၅ ဦး စုစုပေါင်း ၃၅၈ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ အောက်တိုဘာ ၄ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်မြို့၌ ကျောင်းသားများပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှုများ အကောင်အထည်ဖော်ရေးလုပ်ငန်း ဆွေးနွေးပွဲကျင်းပ

**ပြည်  နိုဝင်ဘာ  ၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသားများ ပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုး လှုပ်ရှားမှုများ အကောင်အထည်ဖော်ရေးလုပ်ငန်း မြို့နယ်အဆင့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်မြို့




အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ပညာ့ရိပ်မွန်ခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲသို့ ပြည်မြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီး ၇၆ ဦးနှင့် နည်းပြလေးဦးတို့ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပြည်ခရိုင်ပညာရေးမှူး ဒေါ်စန်းစန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နော်အေးမေက ဆွေးနွေးပွဲ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာပြုလုပ်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်မှု တိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှုများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သိရှိရမည့် အခြေခံအချက်များ၊ အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍအလိုက်ကျောင်းသား၊ မိဘ၊ ဆရာပူးပေါင်းဆောင်ရွက်မှု တိုးမြင့်ရေးဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# မုံရွာမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၄၀၉၆၅ ဧက လျာထားစိုက်ပျိုးမည်

**မုံရွာ  နိုဝင်ဘာ  ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဆောင်းသီးနှံပဲမျိုးစုံ ၄၀၉၆၅ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ယခုအခါ ပဲစားသုံးမှုနှင့်ကုန်ထုတ်လုပ်မှုများ အားကောင်းလာသည့်အတွက် စပါးစိုက်ပျိုးရေးပြီးလျှင် ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးမှုသည် အများဆုံးဖြစ်ကြောင်း၊ ပိုလျှံသည့်ပဲများကိုလည်း အခြားတိုင်းဒေသကြီးနှင့် ပြည်ပသို့ တင်ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်လုပ်မှုများ ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်အတွင်းရှိ တောင်သူများ ပဲမျိုးစုံစိုက်ပျိုးရေးအဖြစ် မတ်ပဲ ဧက ၈၅၀၊ ပဲတီစိမ်း ဧက ၁၅၉၀၊ ထောပတ်ပဲ ၉၉၅ ဧက၊ စွန်တာပြာ ဧက ၁၂၇၃၀၊ ကုလားပဲဧက ၁၇၇၉၀၊ ပဲလွမ်း ဧက ၆၀၀၊ ပဲကြီး ဧက ၅၅၅၀ နှင့် အခြားပဲ ဧက ၈၆၀ တို့ကို စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံနှင့် ရာသီဥတုပြောင်းလဲမှုခြေရာများ

**ကမ္ဘာတစ်ဝန်းရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးရွားစွာခံစားရလျက်ရှိရာ အခြားသောနိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံသည်လည်း ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုသည် ယခင်ကထက်ဖြစ်ပွားမှုနှုန်း ပိုမိုမြင့်မားလာသည်သာမက အဖျက်စွမ်းအားသည်လည်း ပိုမိုပြင်းထန်လာသည်ကို တွေ့ရှိရပါသည်။**

**ဒေါက်တာမေခင်ချော (မိုး/ဇလ)**

၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်း (World Risk Index – 2023) အရ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်း ၃၆ ဒသမ ၂၆ ရှိပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အဆင့်(၆)နေရာတွင် ရှိနေကြောင်း ဖော်ပြထားပါသည်။ (source: https://weltrisikobericht.de/wpcontent/uploads/2024/01/WorldRiskReport_2023_english_online.pdf) ရာသီဥတုပြောင်းလဲ ဖောက်ပြန်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကိုသာမက လူသားတို့၏ လူမှုရေးနှင့် စီးပွားရေးကိုပါ သိသိသာသာ သက်ရောက်မှုရှိစေပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာထွက်ကုန်၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်းများ အပေါ်တွင် မှီခိုနေရသောကြောင့် ၎င်းတို့၏ စားဝတ်နေရေး ဖူလုံကြွယ်ဝမှုသည် သင့်တင့်မျှတသော ရာသီဥတုအခြေအနေပေါ်တွင် များစွာမူတည်လျက်ရှိပါသည်။ တစ်နည်းဆိုရသော် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များနှင့် သဘာဝဘေးဒဏ်များသည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် ထိခိုက်လွယ်ပြီး သက်ရောက်မှုများစွာ ရှိစေပါသည်။

ဖန်လုံအိမ်အာနိသင်သည် နေ၏အပူကို စုပ်ယူထိန်းညှိပေးကာ မြေကြီးပေါ်ရှိ အပူချိန်ကို သက်သောင့်သက်သာဖြစ်စေသောကြောင့် ကမ္ဘာမြေပေါ်ရှိ သက်ရှိများအတွက် အကျိုးပြုသော သဘာဝဖြစ်စဉ် တစ်ခုဖြစ်သည်။ သို့သော် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ မွေးမြူရေး၊ မော်တော်ကားများနှင့် ရုပ်ကြွင်းလောင်စာများအသုံးပြုမှု စသည့် လူသားတို့၏ လုပ်ဆောင်ချက်များမှ ဖန်လုံအိမ်ဓာတ်ငွေ့များ အလွန်အကျွံထုတ်လွှတ်သည့် အကျိုးဆက်အနေဖြင့် လေထုထဲတွင် ဖန်လုံအိမ်ဓာတ်ငွေ့ပမာဏ အဆမတန်တိုးလာစေပြီး ကမ္ဘာကြီးကို ပူနွေးလာစေကာ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုကို ဦးတည်လာခဲ့ပါသည်။ မုတ်သုံရပ်ဝန်းတွင် တည်ရှိနေသော မြန်မာနိုင်ငံသည်လည်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို သိသာထင်ရှားစွာ ခံစားနေရသည်ဖြစ်ရာ အနောက်တောင်မုတ်သုံလေဆိုင်ရာ ပြောင်းလဲမှုများ၊ နွေကာလ စံချိန်တင်အပူချိန်မြင့်တက်လာမှုများ၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲမှုများ၊ မုန်တိုင်းကြီးများဝင်ရောက်မှုများ စသည်တို့မှာ ထင်ရှားသည့် ရာသီဥတုပြောင်းလဲမှု၏ ခြေရာများပင်ဖြစ်ပါသည်။




ကမ္ဘာ့ပျမ်းမျှအပူချိန် စက်မှုခေတ်မတိုင်မီကာလထက် ပိုမိုမြင့်တက်လာပုံ။




မြန်မာနိုင်ငံ၏ နှစ်အလိုက် ပျမ်းမျှအမြင့်ဆုံး အပူချိန်(ဒီဂရီဆဲလ်စီးယပ်) (၁၉၈၁–၂၀၂၃) ပြဇယား။



Inle Lake in Myanmar dried up due to sever drought

အပူချိန်မြင့်မားလာမှုနှင့် မိုးခေါင်မှုတို့ကြောင့် ၂၀၁၀ ပြည့်နှစ်တွင် အင်းလေးကန် ရေခန်းခြောက်မှု ဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။



အပူချိန်မြင့်မားလာမှုနှင့် မိုးခေါင်မှုတို့ကြောင့် ရေတွင်း၊ ရေကန်များ ခန်းခြောက်ကာ ကျေးလက်နေပြည်သူများ သောက်သုံးရေပြတ်လပ်မှု ဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။

### မြန်မာ့သမိုင်းတွင် ကြုံတွေ့ခံစားခဲ့ရသော ရာသီဥတုပြောင်းလဲမှုခြေရာများ

#### (က)အမြင့်ဆုံးအပူချိန်များ ပြောင်းလဲလာခြင်း

ယခုအခါ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် စက်မှုထွန်းကားသည့်ကာလ (၁၈၅၀–၁၉၀၀) ၏ ပျမ်းမျှအပူချိန်နှင့် နှိုင်းယှဉ်ကြည့်ပါက ၁ ဒသမ ၄၅ ဒီဂရီဆဲလ်စီးယပ် အထက် ပိုမိုမြင့်တက်လျက်ရှိပြီး ၂၀၂၃ ခုနှစ်သည် ကမ္ဘာ့အပူဆုံး နှစ်တစ်နှစ် ဖြစ်ခဲ့ပါသည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ်၏ အမြင့်ဆုံးအပူချိန်သည် (၁၉၈၁–၂၀၁၀) ကာလ၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ဖြစ်သော ၃၁ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်ထက် ၁ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် ပိုမိုမြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ အပူဆုံးလများဖြစ်သည့် မတ်လနှင့် ဧပြီလတို့တွင် ထိုလများ၏ ပျမ်းမျှအပူချိန်ထက် ၂ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်ခန့် ပိုမိုမြင့်တက်နေရာ ကျန်းမာရေးဆိုင်ရာ ပြဿနာများအပြင် သောက်သုံးရေ ရှားပါးသည့်ပြဿနာများကို မိုးခေါင်ဒေသများ၌သာမက မြေလတ်ဒေသများတွင်ပါ ခံစားနေကြရပါသည်။

၂၀၂၄ ခုနှစ်၏ နွေကာလ မတ်လနှင့် ဧပြီလ နှစ်လအတွင်း မြန်မာနိုင်ငံ၌ အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်းကို ၃၅ ကြိမ်တိတိ တိုင်းတာရရှိခဲ့ပြီး ၎င်းတို့အနက် ဧပြီလ ၂၈ ရက်နေ့တွင် တိုင်းတာရရှိခဲ့သော ချောက်မြို့၏ အပူချိန်စံချိန်သစ်ဖြစ်သည့် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်သည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၏ အမြင့်ဆုံးအပူချိန် စံချိန်သစ်လည်းဖြစ်ခဲ့ပါသည်။ ထို့အပြင် အယ်လ်ဒိုရာဒို ရာသီဥတုနှင့် မိုးလေဝသစင်တာမှ တစ်ကမ္ဘာလုံးရှိ မြို့ကြီးများအနက် အပူချိန်အမြင့်ဆုံး ၁၅ မြို့၏ အမြင့်ဆုံးအပူချိန်များကို နေ့စဉ်ဖော်ပြပေးခဲ့ရာ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ ညောင်ဦးမြို့တို့သည် ၂၀၂၄ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ကမ္ဘာ့အပူချိန်အမြင့်ဆုံး ၁၅ မြို့တွင် ပါဝင်ခဲ့သည်ကို တွေ့ရှိရပါသည်။ (source: https:// www. eldor-adoweather. com/climate/world-extremes/world-temp-rainfall-extremes.php)

#### (ခ) အနောက်တောင် မုတ်သုံရာသီ ပြောင်းလဲလာခြင်း

မြန်မာနိုင်ငံသည် မုတ်သုံရာသီစက်ဝန်းအတွင်း တည်ရှိနေသော နိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ အနောက်တောင်မုတ်သုံရာသီ ပြောင်းလဲမှုသည် နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို များစွာ သက်ရောက်မှုရှိပါသည်။ ဇယား (၁) တွင် ဖော်ပြထားသည့်အတိုင်း ၁၉၆၁–၁၉၉၀ နှစ် ၃၀ ကာလအပိုင်းအခြားနှင့် နှိုင်းယှဉ်ပါက ၁၉၉၁–၂၀၂၀ ကာလအပိုင်းအခြားတွင် ရက်သတ္တပတ် သုံးပတ်တာခန့် တိုတောင်းလာမှုသည် မုတ်သုံမိုးကို မှီခိုအားထားရသည့် စိုက်ပျိုးရေးလုပ်ငန်းများကို များစွာအခက်တွေ့စေခဲ့ပါသည်။

**စာမျက်နှာ ၁၉ သို့ ❂**

**❝ ဖန်လုံအိမ်အာနိသင်သည် နေ၏အပူကို စုပ်ယူထိန်းညှိပေးကာ မြေကြီးပေါ်ရှိ အပူချိန်ကို သက်သောင့်သက်သာဖြစ်စေသောကြောင့် ကမ္ဘာမြေပေါ်ရှိ သက်ရှိများအတွက် အကျိုးပြုသော သဘာဝဖြစ်စဉ်တစ်ခုဖြစ်သည်။ သို့သော် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ မွေးမြူရေး၊ မော်တော်ကားများနှင့် ရုပ်ကြွင်းလောင်စာများအသုံးပြုမှု စသည့် လူသားတို့၏ လုပ်ဆောင်ချက်များမှ ဖန်လုံအိမ်ဓာတ်ငွေ့များ အလွန်အကျွံထုတ်လွှတ်သည့် အကျိုးဆက်အနေဖြင့် လေထုထဲတွင် ဖန်လုံအိမ်ဓာတ်ငွေ့ပမာဏ အဆမတန်တိုးလာစေပြီး ကမ္ဘာကြီးကို ပူနွေးလာစေကာ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုကို ဦးတည်လာခဲ့ပါသည်။ မုတ်သုံရပ်ဝန်းတွင် တည်ရှိနေသော မြန်မာနိုင်ငံသည်လည်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို သိသာထင်ရှားစွာ ခံစားနေရ❞**

❂ စာမျက်နှာ ၁၈ မှ

သို့ဖြစ်ရာ ပြောင်းလဲလာသည့် မုတ်သုံကာလနှင့် လိုက်လျောညီထွေဖြစ်စေမည့် သီးနှံအမျိုးအစားကို ရွေးချယ်စိုက်ပျိုးလာရခြင်းများ ရှိသလို သက်တမ်းတိုမျိုးစိတ်များအား ပြောင်းလဲစိုက်ပျိုးလာကြရသည်။ အခြားတစ်ဖက်တွင်လည်း မုတ်သုံအဝင်နောက်ကျလာခြင်းသည် နွေကာလ ရက်ရှည်လာခြင်းဖြစ်ရာ အပူချိန်မြင့်မားသောရက်များကို တာရှည်စေပါသည်။

**(ဂ) မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်း**

မြန်မာနိုင်ငံအတွင်း မိုးရွာသွန်းမှုပုံစံကိုလေ့လာကြည့်ပါက တစ်နှစ်တာပျမ်းမျှမိုးရွာသွန်းမှု ပမာဏ သိသိသာသာတိုးလာခြင်း၊ လျော့နည်းသွားခြင်းမျိုးမရှိဘဲ တစ်နှစ်တာ ရွာသွန်းမြဲ မိုးရေချိန်ကို ပြည့်မီစွာ ရွာသွန်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ရွာရမည့်အချိန်မဟုတ်ဘဲ အချိန်အခါမဟုတ်ရွာသွန်းခြင်း၊ တစ်နှစ်တာကာလအတွင်း ပျံ့နှံ့စွာဖြင့် ပုံမှန်ရွာသွန်းခြင်းမဟုတ်ဘဲ အချိန်တိုအတွင်း ပြင်းထန်စွာ ရွာသွန်းခြင်းအစရှိသည့် မူမမှန်သော မိုးရွာသွန်းမှုပုံစံများကို နှစ်စဉ် ကြုံတွေ့လာရပါသည်။

တစ်ဆင့် အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ တောင်ကျချောင်းရေများ အရှိန်အဟုန်ပြင်းစွာဖြင့် စီးဆင်းခဲ့၍ ပခုက္ကူမြို့နယ်အတွင်း လျှပ်တစ်ပြက် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကာ ရွှေချောင်းတံတား ပျက်စီးခြင်း၊ လူ ၁၀၆ ဦး သေဆုံးခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

ထို့အပြင် ၂၀၁၅ ခုနှစ်နောက်ပိုင်း ကာလများတွင် မုတ်သုံလေအားကောင်းမှုကြောင့်လည်းကောင်း၊ အားပြင်းမုန်တိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းကာ နိုင်ငံအနှံ့ရှိ မြစ်များ၊ ချောင်းများတွင် စိုးရိမ်ရေမှတ်ထက် ကျော်လွန်ကာ ကျယ်ပြန့်ပြင်းထန်သော ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါ ရေကြီးမှုကြောင့် သက်ရှိလူ၊ တိရစ္ဆာန်များ အသက်ဆုံးရှုံးရသည်သာမက လမ်းများ၊ တံတားများ၊ အိမ်များ၊ လယ်ကွင်းများနှင့် စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်မှုဒဏ်ကို ခံစားခဲ့ရသည်။

ထို့အပြင် မိုးသည်းထန်၍ ရေတိုက်စားမှုများကြောင့် အချို့တောင်တန်းကုန်းမြင့်ဒေသများတွင် မြေပြိုမှုများ

**ဇယား (၁)**

**နှစ်(၃၀)ကာလအပိုင်းအခြားအလိုက် မုတ်သုံ၏ ဝိသေသလက္ခဏာများ ပြောင်းလဲလာပုံ**

| မုတ်သုံ၏ ဝိသေသလက္ခဏာများ | ကာလအပိုင်းအခြား | |
|---|---|---|
| | ၁၉၆၁–၁၉၉၀ | ၁၉၉၁–၂၀၂၀ |
| တစ်နိုင်ငံလုံးသို့ အနောက်တောင် မုတ်သုံလေ ဝင်ရောက်သည့်ရက် | ဇွန်လ (၁)ရက် | ဇွန်လ (၇)ရက် |
| တစ်နိုင်ငံလုံးမှ အနောက်တောင် မုတ်သုံလေ ဆုတ်ခွာသည့်ရက် | အောက်တိုဘာလ (၂၂)ရက် | အောက်တိုဘာလ (၃)ရက် |
| မုတ်သုံကာလ | (၁၄၄) ရက် | (၁၂၁) ရက် |

အဆိုပါ အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ၏ ဖြစ်ပွားသည့် အကြိမ်အရေအတွက် များပြားလာသကဲ့သို့ ပိုမိုပြင်းထန်လာသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် နောက်ဆက်တွဲ ဖြစ်စဉ်များဖြစ်သည့် လျှပ်တစ်ပြက်ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများကိုလည်း မကြာခဏ ကြုံတွေ့လျက်ရှိပါသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်တစ်ခုသည် မြန်မာနိုင်ငံ မောင်တောမြို့အနီးမှ ကုန်းတွင်းသို့ဖြတ်ကျော်ဝင်ရောက်ခဲ့ရာမှ

ကိုလည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့က ရွာသွန်းခဲ့သော မိုးရေချိန် ၇ ဒသမ ၈၇ လက်မသည် ပဲခူးမြို့အတွက် လွန်ခဲ့သော ၅၉ နှစ်အတွင်း စံချိန်တင် မိုးရေချိန် ဖြစ်သည်။ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ရေခံကောင်းခြင်း၊ မြစ်အထက်ပိုင်းနှင့် မြစ်ဝှမ်းအတွင်း မိုးပျံ့နှံ့စွာနှင့် သည်းထန်စွာရွာသွန်းခြင်း၊ ပင်လယ်ဒီရေမြင့်တက်ချိန်နှင့် တိုက်ဆိုင်ခြင်းစသည်တို့ကြောင့် အခြားနှစ်များထက် အခြေအနေပိုဆိုးခဲ့ကာ ပဲခူးမြို့တွင် နှစ်ပေါင်း ၅၈ နှစ်အတွင်း အမြင့်ဆုံးမြစ်




မြန်မာနိုင်ငံ၏ နှစ်အလိုက်ရွာသွန်းခဲ့သော ပျမ်းမျှမိုးရေချိန် (မီလီမီတာ) (၁၉၈၁–၂၀၂၃ ခုနှစ်) ပြပုံ။

ရေမှတ် ၁၀၀၄ စင်တီမီတာဖြင့် စံချိန်တင်မြစ်ရေကြီးခဲ့ပါသည်။ ထို့အပြင် ၂၀၁၀ ပြည့်နှစ်တွင် အပူချိန်မြင့်တက်မှု၊ မိုးခေါင်မှုကြောင့် အင်းလေးကန်တစ်ခုလုံး ရေများ ခန်းခြောက်သွားသည်အထိ ရာသီဥတုဖောက်ပြန်ခဲ့ပြီး တစ်ဖန်ယခုနှစ် ၂၀၂၄ ခုနှစ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အင်းလေးကန်အတွင်း ရေများ အဆမတန်စီးဝင်ကာ ရေကြီးရေလျှံမှု ဖြစ်ပွားပြီး အင်းလေးကန်ပတ်ဝန်းကျင်ရှိ ကျေးရွာများ၊ မြန်မာ့ရိုးရာရက်ကန်းစင်များ ရေနစ်မြုပ်ခဲ့ရပါသည်။ ထိုသို့ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အစွန်းရောက်ဖြစ်စဉ်များ နှစ်စဉ်ကြုံတွေ့ခံစားနေရသည်မှာ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးပြယုဂ်များပင် ဖြစ်ပါသည်။

မကြာသေးမီက ဖိလစ်ပိုင်ပင်လယ်ပြင်မှ စတင်အစပျိုးခဲ့ပြီး တောင်တရုတ်ပင်လယ်ပြင်ကို ဖြတ်သန်းခဲ့သော စူပါတိုင်ဖွန်းမုန်တိုင်း “ရာဂီ”၏ အကြွင်းအကျန်တိမ်တိုက်များသည် ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံ ကုန်းတွင်းဒေသများကို ဖြတ်ကျော်ခဲ့ပြီးနောက် လေပွေလှိုင်းအဖြစ် မြန်မာနိုင်ငံသို့တိုင်ရောက်ရှိခဲ့ကာ အဖျက်စွမ်းအား အလွန်ပြင်းထန်ခဲ့ပါသည်။ ယင်းတိုင်ဖွန်းမုန်တိုင်း၏ အရှိန်ကြောင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံစသည့် နိုင်ငံပေါင်း ကိုးနိုင်ငံတို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရကာ အသက်အိုးအိမ်စည်းစိမ်ပေါင်းများစွာ သေကျေပျက်စီးဆုံးရှုံးခဲ့ရပါသည်။

(ဆက်လက်ဖော်ပြပါမည်)



၂၀၂၃ ခုနှစ်အောက်တိုဘာလ ၈ ရက်နေ့တွင် မိုးရေချိန် ၇ ဒသမ ၈၇ လက်မရွာသွန်းခဲ့ခြင်းနှင့် ဒီရေတိုးဝင်ခြင်းတို့ကြောင့် ပဲခူးမြို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားပုံ။




၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် မုန်တိုင်းငယ်တစ်ခု မြန်မာနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ရာမှတစ်ဆင့် တောင်ကျချောင်းရေများကြောင့် ပခုက္ကူမြို့နယ်အတွင်း လျှပ်တစ်ပြက် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။




၂၀၁၅ ခုနှစ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်တန်းဒေသတစ်ခုဖြစ်သည့် ချင်းပြည်နယ်တွင် မြေပြိုမှုများဖြစ်ပွားခဲ့စဉ်။



၂၀၁၈ ခုနှစ် ဇွန်လအတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများနှင့် မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီ မြေပြိုမှု ဖြစ်ပွားခဲ့စဉ်။

**❝ ၂၀၁၅ ခုနှစ်နောက်ပိုင်း ကာလများတွင် မုတ်သုံလေအားကောင်းမှုကြောင့်လည်းကောင်း၊ အားပြင်းမုန်တိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းကာ နိုင်ငံအနှံ့ရှိ မြစ်များ၊ ချောင်းများတွင် စိုးရိမ်ရေမှတ်ထက် ကျော်လွန်ကာ ကျယ်ပြန့်ပြင်းထန်သော ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါရေကြီးမှုကြောင့် သက်ရှိလူ၊ တိရစ္ဆာန်များ အသက်ဆုံးရှုံးရသည်သာမက လမ်းများ၊ တံတားများ၊ အိမ်များ၊ လယ်ကွင်းများနှင့် စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်မှုဒဏ်ကို ခံစားခဲ့ရ ❞**

# MNL အမှတ်ပေးပြိုင်ပွဲတွင် ရောဝတီနှင့် အား/ကာသိပ္ပံအသင်း အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၄

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃) ဒုတိယနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ ရောဝတီယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့ အနိုင်ရခဲ့သည်။

**အနိုင်ရ**

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီယူနိုက်တက်အသင်းက မြဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲတွင် ရောဝတီယူနိုက်တက်အသင်း နိုင်ပွဲရယူနိုင်ခဲ့ပြီး ရှုံးပွဲကြုံတွေ့ခဲ့သည့် မြဝတီအသင်းမှာမူ ဆက်လက် ရုန်းကန်ရမည်ဖြစ်သည်။

နှစ်သင်းစလုံး အမှတ်လိုနေသဖြင့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ မိနစ် ၂၀ တွင် ရာဇာအောင်က ရောဝတီယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် ယင်းဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်း အစ ခုနစ်မိနစ်တွင် ရန်ပိုင်စိုးက ရောဝတီယူနိုက်တက် အသင်းအတွက် ဒုတိယဂိုး သွင်းယူခဲ့ပြီး ၆၇ မိနစ်တွင် စောအောင်မျိုးထွန်းက မြဝတီအသင်းအတွက် ချေပဂိုး တစ်ဂိုးပြန်သွင်းသဖြင့် လက်ကျန်မိနစ်များမှာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ရောဝတီအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၇၇ မိနစ်တွင်အောင်ပြည့်ဖြိုးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရောဝတီယူနိုက်တက် တိုက်စစ်မှူး ရာဇာအောင်က ရရှိသည်။



ရောဝတီယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ယခုနိုင်ပွဲကြောင့် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် အခွင့်အရေးရှိလာပြီး ဒဂုံစတားယူနိုက်တက်အသင်းမှာမူ ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် တတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အမှတ်ကွာဟမှု လျှော့ချနိုင်မည့် အခွင့်အရေး လက်လွှတ်ခဲ့ရသည်။

အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၁၄ မိနစ်တွင် စောဆဲကပေါ်ဆေးနှင့် ၄၅+၂ မိနစ်တွင် သန်းတိုးအောင်တို့က သွင်းယူပြီး ဒဂုံစတားအသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၉၀+၅ မိနစ်တွင် ဆွမ်လမန်က သွင်းယူခဲ့သည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို အား/ကာသိပ္ပံ တိုက်စစ်ကစားသမား သန်းတိုးအောင်က ရရှိသည်။

ပွဲစဉ်(၁၃) တတိယနေ့ကို နိုဝင်ဘာ ၅ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MNL**

**❂ အာဆီယံမှ**

မြန်မာအသင်းသည် နောက်တစ်ဆင့်တက်ရေး အဓိကပြိုင်ဘက်ဖြစ်သည့် ဩစတြေးလျနှင့် အုပ်စုအဖွင့်ပွဲ ကစားရခြင်းဖြစ်ပြီး သရေကျခဲ့သဖြင့် လက်ကျန်နှစ်ပွဲတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် နောက်မှသုံးကြိမ်တိုင် လိုက်ကစားခဲ့ရပြီး ချေပဂိုးပြန်သွင်းကာ သရေတစ်မှတ် ရယူခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျအသင်းသည် မြန်မာအသင်းကို(၁-၀)ဂိုး၊ (၂-၁) ဂိုး၊ (၃-၂) ဂိုးတို့ဖြင့် သုံးကြိမ်တိုင် ဦးဆောင်ခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးများကို ဂိုးသမား မိုင်စိုးမြတ်ထွေး၊ နိုင်လင်းထွန်းကျော်နှင့် ထွဋ်ဝေထွန်းတို့က သွင်းယူခဲ့သည်။

အခြားအုပ်စုပွဲများတွင် အင်ဒိုနီးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို ကိုးဂိုးပြတ်၊ ဗီယက်နမ်အသင်းက မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ နိုဝင်ဘာ ၅ ရက်တွင် အုပ်စုပွဲများအဖြစ် မြန်မာစံတော်ချိန်နံနက် ၁၀ နာရီတွင် ကမ္ဘောဒီးယားအသင်းနှင့် မြန်မာအသင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ဩစတြေးလျအသင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ဗီယက်နမ်အသင်းနှင့် ဘရူနိုင်းအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MFF**

### ၆-၁၁-၂၀၂၄ ရက်နေ့မှ ၈-၁၁-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




**❖ နိုဝင်ဘာ ၆ ရက်မှ**

နိုဝင်ဘာ ၆ ရက်မှ ၈ရက်အတွင်း ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၂၁) ပထမနေ့ကို ယနေ့ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် မြဝတီအသင်းတို့ အနိုင်ရခဲ့သည်။

စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက YREO အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးပွဲတွင် နိုင်ပွဲရယူပြီး အမှတ်ပေးဇယား အဆင့်(၆)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၅၊ ၁၉ မိနစ်တွင် စန္ဒာအောင်၊ ၅၇ မိနစ်တွင် နန်းဖြူဖြူသွယ်တို့က သွင်းယူခဲ့ပြီး YREO အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲကစားချိန် ၁၁ မိနစ်တွင် သင်းသင်းမော်က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ စန္ဒာအောင်က ရရှိသည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် ယခုပွဲအနိုင်ရသဖြင့် ရာသီကုန်တွင် အဆင့်(၄)နေရာ ရပ်တည်နိုင်ခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၇၄၊ ၈၇ မိနစ်တွင် ရှုပါခိုင်နှင့် ၇၁ မိနစ်တွင် သစ္စာအားမာန်အသင်းမှ ချစ်ချစ်က ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

ယခုရာသီ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ချန်ပီယံ အား/ကာသိပ္ပံနှင့် ဒုတိယနေရာရ ရန်ကုန်ယူနိုက်တက်အသင်းသည် နိုဝင်ဘာ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MWL**



ရှမ်းယူနိုက်တက်အသင်း ထိုးဖောက်ဂိုးသွင်းမှုကို YREO ဂိုးသမား ကာကွယ်နေစဉ်။

# အက်စ်ပန်ညိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဘာစီလိုနာအသင်း ဇယားထိပ်ဆုံး၌ ဆက်လက်ရပ်တည်လျက်ရှိ



ဘာစီလိုနာအသင်းနဲ့ အက်စ်ပန်ညိုအသင်းတို့ နိုဝင်ဘာ ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါ ပွဲစဉ်(၁၂)မှာ ဘာစီလိုနာအသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်လျက်ရှိပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းက ပထမပိုင်း သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၂ မိနစ်နဲ့ ၃၁ မိနစ်တို့မှာ ဒါနီအိုလ်မိုကနှစ်ဂိုး၊ ၂၃ မိနစ်မှာ ရာဖင်ဟာက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ အက်စ်ပန်ညိုအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်း ပွဲကစားချိန် ၆၃ မိနစ်မှာ ဂျာဗီပေါ်ဒိုက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ မြို့ခံပြိုင်ဘက်အသင်းဖြစ်တဲ့ အက်စ်ပန်ညိုအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ စပိန်လာလီဂါနောက်ဆုံးပွဲစဉ် ၁၇၇ ပွဲမှာ ၁၀၃ ပွဲအထိ အနိုင်ရရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အက်စ်ပန်ညိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ်(၁၂)ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၃၃ မှတ်နဲ့ အမှတ်ပေးဇယားဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းကို ကိုးမှတ်ဖြတ်ကာ ဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပြီး အက်စ်ပန်ညိုအသင်းကတော့ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ် ၁၀ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၇)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

စပိန်လာလီဂါပွဲစဉ်(၁၂)ပွဲမှာ ၁၁ ပွဲအထိ အနိုင်ရရှိခဲ့တဲ့ ဘာစီလိုနာအသင်းဟာ နိုဝင်ဘာ ၆ ရက်မှာ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ရက်ဒ်စတားဘဲဂရိတ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

## အထက်မင်းလှမြို့နယ် ဥယျာဉ်ကျေးရွာ၌ ဆောင်းကုလားပဲသီးနှံများ စတင်စိုက်ပျိုး

မကွေး နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပန်းတော်ပြင် ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ ဆောင်းသီးနှံ ကုလားပဲကို တောင်သူ ၆၀ တို့က စုစုပေါင်း ဧက ၃၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။



**အရောင်းအဝယ်ဖြစ်လျက်ရှိ**

ကုလားပဲသီးနှံကို အောက်တိုဘာလ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် ခူးဆွတ်ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ယခင်နှစ်မျိုးချန်ထားသည့် ဒေသခံတောင်သူများထံမှ ကုလားပဲမျိုး တစ်တင်းလျှင် ငွေကျပ်တစ်သိန်းခန့်ဖြင့် ဝယ်ယူ၍ ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုးဝယ်ယူစရိတ်၊ လုပ်သားခနှင့် အခြားသွင်းအားစုတို့အတွက် ယခင်နှစ်က တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် လေးသိန်းခွဲခန့် ကုန်ကျခဲ့ပြီး ယခုနှစ်တွင် သွင်းအားစုစရိတ် မြင့်တက်လာ၍ ငွေကျပ်ငါးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၂ တင်းခန့်ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင် ငွေကျပ် ငါးသိန်းကျော် ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်တွင် ကုလားပဲတစ်တင်းလျှင်ငွေကျပ် ၉၆၅၀၀–၉၇၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဆောင်းကုလားပဲပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

## မကွေးမြို့နယ် ပုထိုးစမ်းကျေးရွာ၌ ဆောင်းပဲတီစိမ်း စိုက်ပျိုးလျက်ရှိပြီး ဈေးကောင်းရရန်မျှော်လင့်

မကွေး နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကြီးကန်ကျေးရွာအုပ်စုရှိ ပုထိုးစမ်းကျေးရွာတွင် နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံသီးနှံများကို အဓိက စိုက်ပျိုးကြပြီး ပဲတီစိမ်းသီးနှံကို တောင်သူ ၅၀ တို့က စုစုပေါင်း ဧက ၁၀၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

**တင်ပို့ရောင်းချ**

ပဲတီစိမ်းသီးနှံကို အောက်တိုဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ယခင်နှစ်က မျိုးကောင်းမျိုးသန့်အဖြစ် ဖယ်ချန်ထားသော ပဲတီစိမ်းမျိုးကိုအသုံးပြု၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးနှစ်တင်းခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက် မြေပြုပြင်ခ၊ လုပ်သားခနှင့် သွင်းအားစုအပါအဝင် ငွေကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က ပဲတီစိမ်းတစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ငွေကျပ် ၃၆၀၀၀၀ ခန့် အမြတ်ရရှိခဲ့ကြောင်းနှင့် ဈေးကွက်အနေဖြင့် မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

အောက်တိုဘာလ စတုတ္ထပတ် ဈေးနှုန်းအနေဖြင့် ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀–၇၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးကောင်းရရှိလျက်ရှိသောကြောင့် သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိရန် မျှော်လင့်လျက်ရှိကြောင်း ပဲတီစိမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



## ရွှေတောင်မြို့နယ်၌ မိုးနှမ်းများရိတ်သိမ်းပြီးစီး၍ တောင်သူများအကျိုးအမြတ်ရ

ပဲခူး နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် သီးနှံမျိုးစုံ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ မိုးနှမ်းသီးနှံ စုစုပေါင်း ၃၂၂၆ ဧက စိုက်ပျိုးထားရှိခဲ့ပြီး ဝါးတောကျေးရွာအုပ်စု ဖားအိုင့်ကျေးရွာတွင် မိုးနှမ်း ၁၇ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။



မိုးနှမ်းကို ဇွန်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ လုပ်သားခ၊ သွင်းအားစုအပါအဝင် တစ်ဧကလျှင် ငွေကျပ်လေးသိန်းခန့် ကုန်ကျပြီး တစ်ဧကလျှင် ၁၀ တင်းခန့် ထွက်ရှိကြောင်း၊ ယခုနှစ် မိုးနှမ်းတစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၁၁ သိန်း အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရွှေတောင်မြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ ရောင်းချလျက်ရှိပြီး ယခင်နှစ်ကထက် တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ပိုမိုရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် စီးပွား/ကူးသန်း**

### ၄-၁၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၀၀၀ | ၂၈၀၀၀ | ၁၀၀၅၅ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၃၀၀ | | ၇၇၀၀ | ၂၂၀၀၀ | - | ၁၆၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၂၁၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၇၅၃၅ | ၁၇၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၃၀၀ | ၁၉၀၀၀ | ၇၀၄၀ | ၁၂၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၄၅၀၀ | ၅၂၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၁၀၀၀ | ၇၃၅၀ | ၈၅၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၁၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၉၅၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၆၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၄၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၈၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၄၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၄၀၀ | ၉၅၀၀ | ၄၂၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၄၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၁၀ | ၁၂၅၀၀ | ၃၈၀၀ | ၁၄၅၀၀ | ၁၈၅၀၀ | ၉၂၀၀ | ၃၃၀၀ | ၆၀၀ | ၈၅၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၅၀၀ | ၅၂၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၁၀ | ၁၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၅၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၂၉၀၀၀ | | ၁၈၀၀၀ |




## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဝါဝါဝင်းအိမ်ရာရှိ တိုက်အမှတ်(၄၂)၊ အခန်းအမှတ်(၁၀၄)၊ အမည်ပေါက် ဒေါ်စုရည်ဖြိုး[၁၂/ပဘတ(နိုင်)၀၂၇၀၅၆]ဖြင့်ရှိသော တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နန်းရည်မွန်ဖြိုး [၁၂/ရကန(နိုင်)၀၆၉၈၄၆]မှ အရပ်စာချုပ်အဆက်အစပ်များဖြင့် ပိုင်ဆိုင်ကြောင်းတင်ပြ၍ ရောင်းချရန်အဆိုပြုကမ်းလှမ်းရာ၌ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်မထက် [၁၂/အလန(နိုင်)၀၄၄၃၁၀]မှ ဝယ်ယူရန်သဘောတူညီပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး**
**အထက်တန်းရှေ့နေ(စဉ်-၁၉၁၂၁/၃၀-၆-၂၀၀၄)**
**အမှတ်(၂၂၄၈/ခ)၊ ဇေယျာဝတီ(၇)လမ်း၊ (၁၂)ရပ်ကွက်၊သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉-၇၉၅၇၂၄၂၅၄၊ ၀၉-၄၃၀၇၃၃၁၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ်(၅၆၀/ခ)၊ ဧရိယာ(၂၀x၆၀)ပေ၊ မြေကွက်တည်နေရာ အမှတ်(၅၆၀/ခ)၊ အနော်မာ(၁၃)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစိန်မင်းမင်း[၁၂/သကတ (နိုင်)၁၄၆၄၉၅]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိန်မင်းမင်း[၁၂/သကတ(နိုင်)၁၄၆၄၉၅]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေရာဇဝင်မှတ်ချက်ရှိ (၂၀၀၄)ခုနှစ် ဘဏ်ချေးမြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ၂၀၀၄ ခုနှစ် ဘဏ်ချေးမြေပုံမြေရာဇဝင်အား လျှောက်ထားရယူခဲ့ကြောင်း၊ ယင်းမြေပုံမြေရာဇဝင်သည် အထားအသိုမှားယွင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ အထက်ဖော်ပြပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တခြားမည်သူ့ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ တခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိပါကြောင်းနှင့် ၎င်းဘဏ်ချေးမြေပုံမြေရာဇဝင်နှင့် ပတ်သက်၍ အခြားသူတစ်ဦးဦးမှ ပိုင်ရေးဆိုင်ခွင့်ရှိလာခဲ့ပါက မိမိမှအပြည့်အဝတာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း (၂၉-၈-၂၀၂၄)ရက်စွဲပါ ကတိသစ္စာပြုလွှာ (၃၀-၈-၂၀၂၄)ရက်စွဲပါ ရှင်းလင်းတင်ပြစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## (၁၀/၂၀၂၄-၂၀၂၅) ကြိမ်မြောက် စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာ သစ်လုံး/ခွဲသား ( ၂၅၀၀ ) တန်ခန့်**ကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က)ရောင်းချမည့်နေ့ရက်နှင့်အချိန်- (၁၉-၁၁-၂၀၂၄)ရက်နေ့၊ နံနက်(၈:၃၀)နာရီမှ စတင်မည်

( ခ )ရောင်းချမည့် ဒေသများ -ရန်ကုန်တိုင်းဒေသကြီး/မကွေးတိုင်းဒေသကြီး/ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)

( ဂ ) ရောင်းချမည့် နေရာ -မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော **www.mte.com.mm** တွင် ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၄၀၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သာကေတမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၁

ဒေါ်လှရင် နှင့် ဒေါ်ဒေါင်းရင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာ(၃)လမ်း၊ အမှတ်(၁၄၆/ခ)နေ ဒေါ်ဒေါင်းရင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှရင်က သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂ အရ ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်(၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းအိအိထွေး)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

# စာအုပ်စာပေ လူ့မိတ်ဆွေ

## YONEMITHARSU GENERAL SERVICE Co.,Ltd (ယုန်မိသားစု)မှာ ကောင်းသောဂုဏ်သတင်း(Goodwill )ဖြင့် ယနေ့အထိအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်းအများသိစေရန်ကြေညာခြင်း

YONEMITHARSU GENERAL SERVICE Co.,Ltd ၏ တာဝန်လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်ခင်ဆွေ (မန်နေဂျင်းဒါရိုက်တာ)မှ အောက်ပါအတိုင်းအများသိစေရန်ကြေညာလိုက်သည် -

YONEMITHARSU GENERAL SERVICE Co.,Ltd မှာ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းကိစ္စရပ်များကို ကောင်းသောဂုဏ်သတင်း(Goodwill)ဖြင့်ဆောင်ရွက်လျက်ရှိနေသည်ဖြစ်ရာ ယခင်ကယုန်မိသားစုအိမ်ခြံမြေအကျိုးဆောင်၌ အရောင်းဝန်ထမ်းအဖြစ်ဆောင်ရွက်ခဲ့သူ ဒေါ်သဉ္ဇာထွန်း(၇/လပတ(နိုင်)၀၉၅၇၇၆)ကိုင်ဆောင်သူအား ကုမ္ပဏီ၏ဝန်ထမ်းကျင့်ဝတ်နှင့်ကိုက်ညီမှုမရှိဘဲအကျင့်ပျက်လုပ်ရပ်များအားလုပ်ဆောင်သွားပါသဖြင့်(၁၁-၁၀-၂၀၂၄)ရက်နေ့တွင်အလုပ်မှထုတ်ပယ်ပြီးဖြစ်ကြောင်းအသိပေးအကြောင်းကြားစာပေးပို့ခဲ့ပြီးဖြစ်ပါသည်။ဒေါ်သဉ္ဇာထွန်းမှာ(၁၂-၁၀-၂၀၂၄)ရက်နေ့မှစ၍လုပ်ငန်းခွင်သို့လာရောက်ခြင်းမရှိသလို အကြောင်းကြားစာအားပြန်ကြားခဲ့ခြင်းအလျဉ်းမရှိပါ။ သို့ဖြစ်ပါ၍ ဒေါ်သဉ္ဇာထွန်းအားYONEMITHARSU GENERAL SERVICE Co.,Ltd မှထုတ်ပယ်ထားပြီးဖြစ်၍ ဒေါ်သဉ္ဇာထွန်းမှ YONEMITHARSU GENERAL SERVICE Co.,Ltd ၏ အမည်အသုံးချကာမည်သည့်ဆောင်ရွက်မှုတစ်စုံတစ်ရာကိုမှပြုလုပ်ခွင့်မရှိကြောင်းနှင့်ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်သဉ္ဇာထွန်းနှင့်အများသိစေရန်ကြေညာလိုက်သည်။

ဒေါ်ခင်ခင်ဆွေ
မန်နေဂျင်းဒါရိုက်တာ
**YONEMITHARSU GENERAL SERVICE Co.,Ltd**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးသုတေသနဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်များရှိ မွေးမြူရေးသုတေသနစခန်းများ၌ လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| ၁။ | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | B.V.Sc./ D.V.M/ B.A.Sc./ B.Sc.(Zool;/ Marine Science/ Fisheries and Aquaculture Science)/ B.Com/ B.Ecom(Statistics)/B.C.Sc./ B.C.Tech အထက်ဖော်ပြပါ ဘွဲ့တစ်ခုခုရရှိသူ | (၃) နေရာ |
| ၂။ | ဒုတိယလက်ထောက်ဦးစီးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရှိသူ/ စိုက်/မွေးဒီပလိုမာရရှိသူ/ငါးလုပ်ငန်းနှင့်ရေသတ္တဝါဆိုင်ရာဒီပလိုမာရရှိသူ | (၆) နေရာ |
| ၃။ | သုတေသနလက်ထောက်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရှိသူ/ စိုက်/မွေးဒီပလိုမာရရှိသူ/ငါးလုပ်ငန်းနှင့်ရေသတ္တဝါဆိုင်ရာဒီပလိုမာရရှိသူ | (၅) နေရာ |
| ၄။ | ဓာတ်ခွဲခန်းကျွမ်းကျင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | B.Sc.(Microbiology/ Biochemistry/ Biotechnology)/ B.Sc.(Chemistry) စိုက်/မွေးဒီပလိုမာရရှိသူ/ငါးလုပ်ငန်း နှင့်ရေသတ္တဝါဆိုင်ရာဒီပလိုမာရရှိသူ | (၂) နေရာ |
| ၅။ | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ | (၆) နေရာ |
| ၆။ | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | အခြေခံပညာအလယ်တန်းအဆင့်ရှိသူ/ ယာဉ်မောင်းလိုင်စင်(ခ)ရရှိသူ | (၁) နေရာ |
| ၇။ | လုပ်သား(ကျွမ်းကျင်) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာအလယ်တန်းအဆင့်ရှိသူ | (၃) နေရာ |
| ၈။ | အစောင့်/လုပ်သား (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာအလယ်တန်းအဆင့်ရှိသူ | (၂) နေရာ |
| | | **စုစုပေါင်း** | **(၂၈) နေရာ** |

၂။ အပိုဒ် ၁ ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ဒုတိယဦးစီးမှူး၊ ဒုတိယလက်ထောက်ဦးစီးမှူး၊ သုတေသနလက်ထောက်-၄၊ ဓာတ်ခွဲ ခန်းကျွမ်းကျင်-၄နှင့် အငယ်တန်းစာရေး ရာထူးနေရာများအတွက် လျှောက်ထားသူများသည်(၃၁-၁၀-၂၀၂၄) ရက်တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ယာဉ်မောင်း-၅၊ လုပ်သား(ကျွမ်းကျင်)နှင့် အစောင့်/လုပ်သား ရာထူးနေရာများအတွက် လျှောက်ထားသူသည် (၃၁-၁၀-၂၀၂၄) ရက်တွင် အသက်(၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းသူ ဖြစ်ရမည်။ နေရာဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ ဒေသခံ ဦးစားပေးမည်။

(စ) သတ်မှတ်ပညာအရည်အချင်းနှင့်ကိုက်ညီသဖြင့် လစာနှုန်းတူရာထူးနေရာ တစ်ခုထက် ပို၍ လျှောက်ထားပါက ပထမဦးစားပေးသည့်ရာထူး၊ ဒုတိယဦးစားပေးသည့်ရာထူးတို့ဖြင့် လျှောက်လွှာတွင် ခွဲခြားဖော်ပြ၍ လျှောက်ထားနိုင်ပါသည်။

(ဆ) အစိုးရဌာနတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်း အမိန့်စာမှပယ်ဖျက်ခံရသူများ၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေမှု မရှိသောနိုင်ငံ့ဝန်ထမ်း(Disloyalty Civil Servant-DCS)များ လျှောက်ထားခွင့်မရှိပါ။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို မွေးမြူရေးသုတေသနဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မွေးမြူရေးသုတေသနစခန်းများ၌ ရယူနိုင်သည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပါရှိရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(ခ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။

(ဂ) (၁)လအတွင်း ရိုက်ကူးထားသော နောက်ခံအပြာရောင် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရန်)။

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၂)လအတွင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းမှ ထောက်ခံထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှု မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

(င) အသက်ထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြရန်)။

(စ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ။

(ဆ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ထောက်ခံချက်မူရင်း။

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

(ဈ) ဒုတိယဦးစီးမှူးရာထူးအတွက် ဤဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် အမှုထမ်းဆောင် နိုင်ကြောင်းနှင့် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက ဌာနမှ သတ်မှတ်ထားသည့်လျော်ကြေးငွေကို တစ်လုံးတစ်ခဲတည်း ပေးလျော်မည်ဖြစ်ကြောင်း ကိုယ်တိုင်ရေးဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

(ည) ဒုတိယလက်ထောက်ဦးစီးမှူး၊ သုတေသနလက်ထောက်-၄၊ ဓာတ်ခွဲခန်းကျွမ်းကျင်-၄၊ အငယ်တန်းစာရေး၊ ယာဉ်မောင်း-၅၊ လုပ်သား(ကျွမ်းကျင်)နှင့် အစောင့်/လုပ်သား ရာထူးများအတွက် ဤဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် အမှုထမ်းဆောင်နိုင်ကြောင်း နှင့်တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက ဌာနမှသတ်မှတ်ထားသည့် လျော်ကြေးငွေကို တစ်လုံးတစ်ခဲတည်း ပေးလျော်မည်ဖြစ်ကြောင်း ကိုယ်တိုင်ရေးဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

၅။ လျှောက်လွှာများကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးသုတေသနဦးစီး ဌာန(ရုံးချုပ်)သို့ (၁-၁-၂၀၂၅)ရက်အရောက် နောက်ဆုံးထား၍ ပေးပို့ရမည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များ ပါဝင်သော အရည်အချင်းစစ်ဆေးခြင်းရေးဖြေစာမေးပွဲ (၂)နာရီမေးခွန်းကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းရှိ မွေးမြူရေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဖြေဆိုရမည်ဖြစ်သည်။ ယင်းရာထူးများအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရမည့်နေ့ရက်နှင့် ဖြေဆိုမည့်နေရာအား ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မွေးမြူရေးသုတေသနစခန်းတို့မှ တစ်ဆင့် ကြိုတင်အသိပေး အကြောင်းကြားမည်ဖြစ်ပါသည်။

၇။ ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးမည့် အစီအစဉ်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အချိန်မီမရောက်ရှိသော၊ အချက်အလက်ပြည့်စုံမှန်ကန်မှုမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်သိရှိစုံစမ်းလိုပါက မွေးမြူရေးသုတေသနဦးစီးဌာန(ရုံးချုပ်)၊ ဝန်ထမ်းရေးရာဌာနစိတ်၊ အီးမေးလ် staffdlar7777@gmail.com သို့လည်းကောင်း၊ တယ်လီဖုန်း အမှတ်၊ ၀၆၇-၃၄၁၆၅၄၄ နှင့် လက်ကိုင်ဖုန်း၊ ၀၉-၅၀၄၄၁၅၂ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွေးမြူရေးသုတေသနဦးစီးဌာန**

## တင်ဒါခေါ်ယူခြင်း

၁။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနှင့် ကျန်စစ်သားလမ်းကြား၊ ပေါင်းကူးလမ်းရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသော မြေဧရိယာ(၃.၅၀၈)ဧကတွင် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ၄ ခန်းတွဲ ၆ ထပ်တိုက် RC အဆောက်အဦ (၂၀)လုံးအား ဆောက်လုပ်မည်ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သည့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများမှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၁-၂၀၂၄ ရက်နေ့မှ ၂၀-၁၁-၂၀၂၄ ရက်နေ့ထိ

၃။ တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၃၉၉)၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၂၇-၁၁-၂၀၂၄ ( ဗုဒ္ဓဟူးနေ့ )

၅။ တင်ဒါပွဲကျင်းပမည့်နေ့ရက်အား ကြိုတင်အသိပေးအကြောင်းကြားပါမည်။

၆။ မြေပြင်အခြေအနေအားသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ တယ်လီဖုန်းအမှတ် ၀၉ - ၈၉၁၈၀၃၀၆၉ သို့ စုံစမ်းမေးမြန်း၍ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။

၇။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၃၉၉)၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) သို့ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၉ - ၈၉၁၈၀၃၀၆၉ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၁၃၈၅)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)၊ (၂၄၀၀) စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဒေါ်ကျင်မြိုင်** [၁၂/တတန(နိုင်) ၀၉၉၈၉၄] အမည်ပေါက် တည်ရှိပြီး အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်သန်းသန်းဆွေ**[၁၂/တမန(နိုင်)၀၇၄၂၅၀]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးစိန်ဝင်း**[၈/မခန(နိုင်)၀၅၀၅၀၄]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစိန်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မွန်မွန်ချို (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**
**ဒေါ်စန္ဒာဝင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဗဟိုလမ်း၊ တိုက်အမှတ်-၁၅၀(က+ခ)၊ အခန်းအမှတ်(4-B)၊ (၃-လွှာ)၊ အကျယ်အဝန်း(၁၂x၅၀)ပေ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလပိုင်ဆိုင်သူထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးပက်ထရစ် (PAG-၁၃၃၄၂၆)က မိမိသာလျှင် ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်သန္တာ [၆/မအရ(နိုင်) ၀၉၄၁၃၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သော်သော်စန္ဒီဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၁၄)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**Ph:09-43093746**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ **YANGON GOLDEN PARAGON INVESTMENT COMPANY LIMITED)** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေထံမှ အောက်ဖော်ပြပါတိုက်ခန်းများအား အရစ်ကျစနစ်ဖြင့်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေနှင့် သဘောတူစာချုပ်ချုပ်ဆို၍ ဝယ်ယူထားသူများသည် ကျွန်ုပ်မိတ်ဆွေအား ရောင်းဖိုးကျန်ငွေများပေးသွင်းရန် ကာလရှည်ကြာပျက်ကွက်လျက်ရှိပါသောကြောင့် ရောင်းဖိုးကျန်ငွေများကို အမြန်ဆုံးလာရောက်ပေးသွင်းရန်နှင့် ဆက်လက်ပျက်ကွက်ပါက စာချုပ်ပါအတိုင်း အရောင်းအဝယ်အား ရပ်စဲမည့်အကြောင်း ကျွန်ုပ်မိတ်ဆွေမှ (၃၀-၆-၂၀၂၄)၊ (၇-၇-၂၀၂၄) နှင့် (၁၅-၈-၂၀၂၄) ရက်နေ့တို့တွင် အရစ်ကျဝယ်ယူသူအသီးသီးတို့ထံ အကြောင်းကြားစာများပေးပို့၍ အသိပေးထားပြီး ဖြစ်ပါသည်-

အဆိုပါအရစ်ကျဝယ်ယူသူများသည် အကြောင်းကြားစာလက်ခံရရှိပြီးသော်လည်း ရောင်းဖိုးကျန်ငွေများကို လာရောက်ပေးသွင်းခြင်းမရှိဘဲ စာချုပ်ပါစည်းကမ်းချက်များအားလိုက်နာရန် ပျက်ကွက်မြဲပျက်ကွက်လျက်ရှိသည့်အတွက် ကျွန်ုပ်မိတ်ဆွေနှင့် အရစ်ကျဝယ်ယူသူများအကြား ချုပ်ဆိုထားသည့် သဘောတူစာချုပ်သည် စာချုပ်ပါစည်းကမ်းချက်များအတိုင်း ပျက်ပြယ်ရပ်စဲပြီးဖြစ်၍ အောက်ဖော်ပြပါတိုက်ခန်းများအား ကျွန်ုပ်မိတ်ဆွေမှသာလျှင် ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာမြို့ပတ်လမ်း Emerald Bay ၊ တာဝါ-၂ ၊ ၂၇-လွှာ ရှိ အခန်းအမှတ် (၂၇၀၆) ၊ အကျယ်အဝန်း (၉၈၅.၆၅) စတုရန်းပေရှိ နေအိမ်တိုက်ခန်း။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာမြို့ပတ်လမ်း၊ Emerald Bay ၊ တာဝါ-၂ ၊ ၁၉-လွှာ ရှိ အခန်းအမှတ် (၁၉၀၅) ၊ အကျယ်အဝန်း (၁၅၄၈.၆၁) စတုရန်းပေရှိ နေအိမ်တိုက်ခန်း။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာမြို့ပတ်လမ်း၊ Emerald Bay ၊ တာဝါ-၂ ၊ ၁၆-လွှာ ရှိ အခန်းအမှတ် (၁၆၀၆) ၊ အကျယ်အဝန်း (၉၈၅.၆၅) စတုရန်းပေရှိ နေအိမ်တိုက်ခန်း။

(၄) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာမြို့ပတ်လမ်း၊ Emerald Bay ၊ တာဝါ-၂ ၊ ၁၂-လွှာ ရှိ အခန်းအမှတ် (၁၂၀၂)၊ အကျယ်အဝန်း (၅၂၇.၉၃ ) စတုရန်းပေရှိ နေအိမ်တိုက်ခန်း။

(၅) ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ ရှုခင်းသာမြို့ပတ်လမ်း၊ Emerald Bay ၊ တာ-၂၊ ၁၃-လွှာ ရှိ အခန်းအမှတ် (၁၃၀၅) ၊ အကျယ်အဝန်း (၁၅၄၈.၆၁) စတုရန်းပေရှိ နေအိမ်တိုက်ခန်း။

(၆) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာမြို့ပတ်လမ်း၊ Emerald Bay ၊ တာဝါ-၁ ၊ ၅-လွှာ ရှိ အခန်းအမှတ် (၅၀၄) ၊ အကျယ်အဝန်း (၉၁၁.၀၇) စတုရန်းပေရှိ နေအိမ်တိုက်ခန်း။

(၇) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာမြို့ပတ်လမ်း၊ Emerald Bay ၊ တာဝါ-၂ ၊ ၃-လွှာ ရှိ အခန်းအမှတ် (၃၀၄) ၊ အကျယ်အဝန်း (၁၀၀၆.၄၀) စတုရန်းပေရှိ နေအိမ်တိုက်ခန်း။

(၈) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာမြို့ပတ်လမ်း၊ Emerald Bay ၊ တာဝါ-၁ ရှိ အခန်းအမှတ် (၀၈)၊ အကျယ်အဝန်း (၆၃၆.၀၅) စတုရန်းပေရှိ ဆိုင်ခန်း။

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဒေါ်ခိုင်သန္တာလွင်**
**LL.B, DBL, M.A (Business Law)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၈၂၃)**
**ဖုန်း-၀၉-၉၆၉၂၄၉၇၈၉**

## ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၈-ရပ်ကွက်၊ သဇင်ဖြူလမ်း၊ အမှတ်- ၃/၈၃ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁ ကံဘဲ့၊ မြေကွက်အမှတ်- ၃/၈၃၊ ဧရိယာ(၀.၀၂၅)ဧကရှိ မြေနှင့် မြေကွက်အမှတ်-၃/၈၂ ဘက်ခြမ်း ခြံခတ်ပြီးသုံးစွဲလျက်ရှိသည့် မြေအကျယ် (၁၂ ပေ x၅၅ ၁/၂ ပေ)၊ မြေအမျိုးအစား-နှစ်(၆၀) မြေငှားဂရန်၊ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးမျိုးအေး [၁၂/ဥကတ(နိုင်) ၀၄၃၆၀၃]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ မိမိတစ်ဦးတည်း တရားဝင်ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်တင်မာထွန်း [၅/ပလန(နိုင်)၁၀၀၉၂၁]က ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဦး (LL.B,D.B.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**ဦးဟန်လင်းအောင်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈)**
**အမှတ်(၇၅၁)(ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ စီမံကိန်းရပ်ကွက်၊ မေတ္တာလမ်းနှင့် သခင်ဖိုးလှကြီးလမ်းထောင့်၊ အမှတ်-၁ မှ ၂၀ မြေပေါ်တွင် ဆောက်လုပ်ထားသော "Golden Empire Luxury Hotel " နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ဟိုတယ်အား ပိုင်ရှင်ဖြစ်သူ ဒေါ်နန်းမြ [၁၃/မကန(နိုင်)၀၀၀၂၂၈] မှ တော်ဝင်ထျန်းလီ အန်တာတိမ်းမန့် ကုမ္ပဏီလီမိတက်( Royal Tian Li Entertainment Company Limited)ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၈၈၉၅၄၇၅/၂၀၂၃ သို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ "ဟိုတယ်အဆောက်အဦနှင့် တည်ရာမြေအပါအဝင် ငှားရမ်းခြင်း နှစ်ဖက်သဘောတူစာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် -၅၃၃၇/၂၀၂၄(၂၆-၆-၂၀၂၄)အရ ပိုင်ရှင်ဒေါ်နန်းမြ[၁၃/မကန(နိုင်)၀၀၀၂၂၈]က (၁၉-၆-၂၀၂၄)မှ (၁၉-၆-၂၀၂၉)ရက်နေ့အထိ (၅)နှစ် ငှားရမ်းစာချုပ် ချုပ်ဆို၍ ငှားရမ်းခဲ့ပါသည်။ ထိုသို့ငှားရမ်းစဉ်ကာလအတွင်း ဟိုတယ်၌ ဖြစ်ပေါ်လာသောကိစ္စအဝဝသည် ဟိုတယ်ပိုင်ရှင်ဖြစ်သူ ဒေါ်နန်းမြနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ ငှားရမ်းသူ တော်ဝင်ထျန်းလီ အန်တာတိမ်းမန့် ကုမ္ပဏီလီမိတက်( Royal Tian Li Entertainment Company Limited)နှင့်သာ သက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းမြ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဦး (LL.B,D.B.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**ဦးဟန်လင်းအောင်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈)**
**အမှတ်(၇၅၁)(ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၈-ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်- ၃ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၃၊ ဧရိယာ(၀.၀၅၈)၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ဒွဲဘူ(ခ)လဇိန်ဒွဲဘူ [၁/ မကန(နိုင်)၁၁၀၄၆၆]မှ မိမိတစ်ဦးတည်း တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ မှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဦး (LL.B,D.B.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**ဒေါ်ကေသီဖြိုးကျော်(LL.B, D.B.L,D.M.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၈)**
**အမှတ်(၇၅၁)(ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၇-ရပ်ကွက်၊ မန်းသံပုရာကန်လမ်း၊ အမှတ်- ၁၁၃၀ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

